www.burmeseclassic.com

# မိုးစက်ကြိုင်

## ကိုယ့်လက်နဲ့ ဖျိုးမိတဲ့ပန်း

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# မိုးစက်ပိုင်

## ကိုယ့်လက်နဲ့ပျိုးမိတဲ့ပန်း


ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးအောင်စိုး (ခုနစ်စဉ်ကြယ်စာပေ)
အမှတ်(၁၈၂)၊ (၃၁)လမ်း၊ ပန်းဘဲတန်းမြို့နယ်။

အတွင်းနှင့်အဖုံးပုံနှိပ်သူ - ဦးနိုင်နိုင်အောင် (၀၀၃၂၄) (ရတနာဝင်းပုံနှိပ်တိုက်)
အမှတ် (၁၉)၊ ၃၁-လမ်း၊ ပန်းဘဲတန်းမြို့နယ်။

ကွန်ပျူတာစာစီ - ပြည့်ဖြိုး

အတွင်းဖလင် - ကိုကြီးပေါက် (၀၉-၄၂၀၂၄၃၃၂၇)

မျက်နှာဖုံးဒီဇိုင်း - ရဲလေး

ထုတ်ဝေသည့်အကြိမ် - ပထမအကြိမ်၊ ၂၀၁၆၊ ဇွန်လ။

အုပ်ရေ / တန်ဖိုး - ၅၀၀ အုပ် / ၁၅၀၀ ကျပ်

ဖြန့်ချိရေး - ခုနစ်စဉ်ကြယ်စာပေ
အမှတ် ၁၈၂ (B)၊ ၃၁-လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း- ၀၉ ၇၃၀၅၁၆၆၄၊ ၀၉ ၇၃၁၂၆၃၅၈

၈၉၅ .၈၃
မိုးစက်ပိုင်
ကိုယ့်လက်နဲ့ပျိုးမိတဲ့ပန်း/မိုးစက်ပိုင်။ - ရန်ကုန်၊
ခုနစ်စဉ်ကြယ်စာပေ ၊ ၂၀၁၆။
၁၃၃ - စာ ၊ ၁၃ × ၂၀ စင်တီ။
(၁) ကိုယ့်လက်နဲ့ပျိုးမိတဲ့ပန်း


www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

ဒီလို။

ဦးကျော်ဇောတစ်ယောက် ညည်ခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန် ...မ်းလျှောက်နေတယ်။ လျှောက်နေတယ်ဆိုပေမယ့် သာမန် လျှောက် ...ဘာမျိုး မဟုတ်ဘူး။ ဖျတ်ခနဲ လှမ်းလိုက်တဲ့ ခြေလှမ်းတိုင်းမှာ ဒေါသတွေ ...နေတယ်။ ပါးစပ်ကလည်း တောက်ခနဲမြည်အောင် တက်ခေါက်လိုက်ရင်း ...လို့မကျေစွာ ရေရွတ်လိုက်သေး။

"တောက်! ... သူတောင်းစားတွေ။ ခေါ်ပြီဆိုရင် ဘယ်တော့မှ ...ချိန်းရောက်မလာဘူး။ ဒီကောင်တွေတော့ကွာ"

ရေရွတ်သံအဆုံးမှာပဲ ပန်းတိုင်ဆီပြေးလာတဲ့ မီတာတစ်... ...ပြေးသမားတွေလို ရန်နိုင်တို့သုံးယောက် ရောက်လာကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ဆရာလည်းဟုတ်၊ ဘောစိဆိုလည်းဟုတ်တဲ့ ဦးကျော်ဇော ဒေါသထွက်နေမှန်းသိလို့ ကြောင်ပေါက်စလောက်ရှိမယ့် မျက်နှာငယ်လေးတွေ လုပ်ထားကြတယ်။

"ကျွန်တော်တို့ ရောက်ပါပြီ ဆရာ"

ရန်နိုင်က ဦးဆောင်ပြီး ညှောင်နာနာလေသံနဲ့ စပြောလိုက်တယ်။ ဟုတ်တယ်လေ . . . တပည့်သုံးယောက်ထဲမှာဆိုရင် ရန်နိုင်က ဆရာကြီး။ သူ မပြောရင်လည်း ဟိုလဒနစ်ကောင်က ပြောမှ မဟုတ်ပဲ။

ရန်နိုင် အဖြေစကားဆုံးတော့ ဦးကျော်ဇောဟာ မျက်နှာကို ပိုပြီး တင်းလိုက်တယ်။ ပြီး . . . ဘုဆတ်ဆတ်လေသံနဲ့ . . .။

"ဟေ့ကောင် ရန်နိုင် . . မင်းတို့ မင်းတို့တွေ ချီးစားထားကြလား"

"ဗျာ . . . ဆရာ"

"ဝေါ့"

"ထွီ" –

ရန်နိုင် လန့်သွားတယ်။ နောက်ကနစ်ကောင်ဆီကလည်း ရွှံရှာသံတွေ ပြိုင်တူထွက်လာတယ်။ မစားထားဘူးလို့ဖြေမှ ချီးကျွေးရင်တော့ ဒုက္ခပါပဲလို့ ရန်နိုင် စိုးရိမ်တကြီး တွေးလိုက်မိတယ်။

အဲဒါကြောင့် –

"ဘာ . . . ဘာများဖြစ်လို့ပါလဲ ဆရာ"

ဦးကျော်ဇောက ခပ်တင်းတင်းပဲ ပြန်ပြောတယ်။

"ဟေ့ကောင် . . . မေးတာကိုဖြေ၊ မင်းတို့တွေ ချေးစားခဲ့ကြသလားလို့"



www.burmeseclassic.com

www.burmeseclassic.com



"မ ... မစားပါဘူး ဆရာ"

"အဲဆို ဘာစားလဲ"

"ထမင်းပါ ဆရာ"

"အဲဒါပဲ ... အဲဒါပဲ။ မင်းတို့တွေ ထမင်းစားတယ်ဆိုရင်တော့ အသိဉာဏ် ရှိရမယ်လေကွာ။ အသိဉာဏ်ရှိတယ်ဆိုရင် ခိုင်းထားတဲ့ကိစ္စကို မမေ့ရဘူး"

"ဗျာ ... ဆရာ၊ ဆရာခိုင်းတဲ့ကိစ္စတွေကို လုပ်ထားပါတယ်"

"ဘာကွ ... ပြောစမ်းပါဦး၊ ဘာတွေလုပ်ထားကြလဲလို့"

ရန်နိုင်ကပဲ အရင် –

BURMESE CLASSIC

"ဆရာ မနေ့ကပဲ ခိုင်းထားလို့ အိမ်က ကားတွေ သွားပြင်ပါတယ် ဆရာ။ နှစ်စီးစလုံး ပြန်ကောင်းနေပါပြီ။ ဒီကောင် စံထူးကိုတော့ ခြံတံခါး ပြင်ဖို့နဲ့ ဆေးသုတ်ခိုင်းထားပါတယ်"

စကားအဆုံးမှာပဲ စံထူးက ဝင်ပြောပါတယ်။

"ဟုတ်ကဲ့ ဆရာ ... ခြံတံခါးလည်း ပြင်ပြီးသွားပါပြီ၊ ဆေးလည်း ဆရာခိုင်းတဲ့အရောင်အတိုင်း သုတ်ထားပါတယ်"

"ဟိုကောင် မောင်စိုး"

ရန်နိုင်က လှမ်းခေါ်လိုက်တယ်။ မင်းအလှည့်လို့ သတိပေးလိုက်တာ။ မောင်စိုးက ပျာပျာသလဲ ပြန်ဖြေတယ်။

"ဟုတ်ကဲ့ပါ ဆရာ၊ ကျွန်တော်လည်း ခြံထဲကအမှိုက်တွေကိုအစ သတင်းစာအဟောင်း၊ ဂျာနယ်အဟောင်းတွေပါ အကုန်ရှင်းထားပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာကွာ ဟာကွာ ဟာကွာ"

သောက်တလွဲ တပည့်သုံးယောက်ရဲ့ ဖြေဆိုမှုတွေအဆုံးမှာတော့ ဦးကျော်ဇော်တစ်ယောက် စိတ်ပျက်လက်ပျက် ရေရွတ်လိုက်မိတော့တယ်။

ငါ့မှာ ဒီလိုစိတ်ချအားထားရတဲ့ တပည့်တွေရမိထားပါလားလို့လည်း ကိုယ့်ကိုယ်ကိုယ် ယူကျုံးမရ ဖြစ်မိသွားတယ်။ ဒေါသကို အရောင်ပြန်တင်လိုက်ရင်း ထပ်ပြောလိုက်တယ်။

"ဟေ့ကောင်တွေ ... တော်ကြစမ်းပါကွာ။ မင်းတို့ကို အဲဒီကိစ္စတွေ မေးတာမဟုတ်ဘူး။ အရေးကြီးဆုံးကိစ္စတစ်ခုရှိသေးတယ်လေ။ မင်းတို့သုံးကောင်စလုံးကို မျက်စိဒေါက်ထောက်ကြည့်ခိုင်းထားတဲ့ကိစ္စကွ။ အဲဒါဘာလဲ"

"ဟာ"

အဲဒီတော့မှ ရန်နိုင်လည်း သတိရပြီး ရေရွတ်လိုက်မိတယ်။ ဟုတ်သားပဲ။ ဦးကျော်ဇောရဲ့ တစ်ဦးတည်းသော မိတဆိုးသမီးလေး။ ဒီအိမ်ကြီးရဲ့ အရှင်သခင် မင်းသမီးလေး ကြယ်စင်ကျော်ဇောကို စောင့်ကြည့်ခိုင်းထားတာပဲ။ ကြယ်စင်ကလေးက ခုတလော ရည်းစားသနာရှိနေတယ်ကြားလို့ ဦးကျော်ဇောက စောင့်ကြည့်ခိုင်းထားတာ။ ရန်နိုင်က ပျာပျာသလဲပုံစံနဲ့ –

"သိ ... သိပါပြီ ဆရာ၊ ကြယ် ... ကြယ်စင့်ကို စောင့်ကြည့်ခိုင်းထားတာပါ"

"အဲဆို ... ဘယ်မှာလဲ ငါ့သမီး"

ရန်နိုင်က တွေ့လိုတွေ့ငြား ပတ်ဝန်းကျင်ကို ဝေ့ကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သေးတယ်။ ပြီးမှ –

"ရှိ ... ရှိမှာပါ ဆရာ။ မနက်စောစောကတောင် ခြံထဲမှာ ဖုန်းပြောနေတာ တွေ့လိုက်ပါသေးတယ်"

"ဟာ ... မနက်က မင်းတွေ့တာကို လာပြောမနေနဲ့။ ခု ငါ့သမီး အိမ်မှာမရှိဘူးကွ"

"ဘယ်သွားလို့လဲ ဆရာ"

ဦးကျော်ဇောရဲ့ လက်တစ်ဖက်က ရန်နိုင့်ဇက်ပိုးဆီ ဖျောင်းခနဲ ကျသွားတယ်။

"ဘယ်ထွက်သွားမှန်းမသိလို့ မင်းတို့ကို မေးနေတာပေါ့ ငတုံးရဲ့။ ကောင်မလေးကို သေသေချာချာ စောင့်ကြည့်ပါလို့ မှာထားလျက်နဲ့ကွာ။ ခုတော့ အိမ်ကနေ ကားမောင်းပြီးထွက်သွားတာတောင် မသိလိုက်ကြဘူး။ ထော်တော်အားကိုးရတဲ့ကောင်တွေ"

"ကျွန်တော်တို့လည်း အလုပ် အလုပ်ရှုပ်နေလို့ပါ ဆရာ"

"ခုမှ ဆောက်ဆင်ခြင်တွေ ပေးမနေနဲ့။ သွား ... ခုလိုက်ရှာ။ တွေ့တဲ့နေရာကနေ ခေါ်လာခဲ့။ သူ့ရည်းစားဆိုတဲ့ကောင်ကိုပါ တွေ့ရင် အစ်ခါတည်း ထုထောင်းခဲ့။ ကျန်တာ ငါရှင်းမယ် ကြားလား"

"ကြားပါတယ် ဆရာ"

"ကြားရင် ခု သွားတော့ ... ကားယူသွား"

"ဟုတ်ကဲ့ ဆရာ"

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

အဲဒီအချိန်မှာ ကြယ်စင်က သူ့ရည်းစားနိုင်မိုးနဲ့ ချိန်းတွေ့နေပြီ။ ချိန်းတွေ့တယ်ဆိုပေမယ့် ဆိတ်ကွယ်ရာမှာတော့မဟုတ်ဘူး။ စူပါမားကက်တစ်ခုထဲက ကော်ဖီဆိုင်မှာ စကားပြောကြရုံပါ။ အတို့အဆိတ်ကလေးတွေတော့ ပါတာပေါ့။

ထပ်ပြောရရင် ကြယ်စင်က နိုင်မိုးနဲ့ ရည်းစားဖြစ်တာလည်း သိပ်မကြာသေးဘူး။ သုံးလကျော် လေးလလောက်ပဲရှိသေးတာ။ သူတို့နှစ်ယောက် ရည်းစားဖြစ်တဲ့ကိစ္စတွေမှာလည်း ဝတ္ထုတွေ၊ ရုပ်ရှင်တွေထဲကလို မှိုမန့်တစ်ဆန်တဲ့ဇာတ်လမ်းတွေ မရှိခဲ့ဘူး။

ကြယ်စင်က တစ်ဦးတည်းသောသမီး၊ အဖေကလည်း ချမ်းသာတော့ ချုပ်ချယ်တယ်။ တော်ရုံကိစ္စမရှိဘဲ အပြင်ပေးထွက်တာ မဟုတ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့ သူငယ်ချင်းအပေါင်းအသင်းလည်းမရှိတဲ့ ကြယ်စင်က အိမ်မှာ အားရင် အခွေကြည့်၊ စာဖတ်၊ ဒါမှမဟုတ်လည်း ဂိမ်းဆော့တာမျိုးတွေ လုပ်တယ်။ နောက်ပိုင်းတော့ facebook တို့၊ viber တို့၊ we chat တို့ စတဲ့ social network တွေ ခေတ်စားလာတော့ စာလည်း မဖတ်၊ ခွေ လည်း မကြည့်နိုင်တော့ဘဲ အဲဒီလူမှုကွန်ရက်ထဲမှာ ကြယ်စင်လည်း မျော တော့တယ်။ အဲဒီမှာပဲ ရုပ်ချောပြီး facebook မှာ တစ်ရက် ပုံသုံးလေးပုံ တင်လေ့ရှိတဲ့ နိုင်မိုးဆိုတဲ့ ကောင်နဲ့သွားတွေ့တာ။

ပထမတော့ ကြယ်စင် ဓာတ်ပုံတွေတင်ရင် နိုင်မိုးက comment တွေ လာရေးတာ။ နိုင်မိုးရဲ့ comment တွေကလည်း ကြယ်စင့်အကြိုက် လိုက်ရေးတာဆိုတော့ ကြယ်စင်လည်း comment ပြန်ရေးမိတယ်။ Comment တွေ အပြန်အလှန်ရေးကြရင်း နိုင်မိုးက message (chat box) ကနေ စာတိုလေးတွေ ပို့လာတယ်။ အဲဒီမှာပဲ အပြန်အလှန် စကားပြောဖြစ် ကြရင်းနဲ့ ဖုန်းနံပါတ်တွေပေးကြပေါ့။ နောက်ဆုံးတော့လည်း လူမှုကွန်ယက် သုံးတဲ့ အကျိုးအမြတ်တစ်ခုအနေနဲ့ ရည်းစားတွေဖြစ်ကြပါလေရော။ ဒါကလည်း ဒီနေ့ ဒီခေတ်မှာ ဖြစ်နေကျကိစ္စလိုတောင် ဖြစ်နေပြီ။

နိုင်မိုးအကြောင်း ခရေစေ့တွင်းကျ မသိထားပေမယ့် နိုင်မိုးက တော့ ကြယ်စင် သူဌေးသမီးဆိုတာ သိထားတယ်။ အဲဒါကြောင့်လည်း ခပ်သွက်သွက်လှုပ်ရှားလိုက်တာ။

ခုလည်း တွေ့တွေ့ချင်း ကြယ်စင်ပြောတာကိုကြည့်လေ။

"ကိုရယ် ... ကြယ်စင့်မှာလည်း အိမ်ကနေ တစ်ခါတင်ခါ ထွက်



www.burmeseclassic.com

www.burmeseclassic.com



ရဖို့က သိပ်မလွယ်ဘူး။ ဖေဖေ့တပည့်တွေက စောင့်ကြည့်နေကြတာ''

နိုင်မိုးက သက်ပြင်းချတယ်။ ပြီး အလိုမကျသံနဲ့ ပြန်ပြောတယ်။

''အင်းပေါ့လေ ... ကြယ်စင်က သူဌေးသမီးဆိုတော့လည်း ကြယ်စင့်အဖေက စိတ်ပူမှာပေါ့။ အဲဒါကြောင့်လည်း ဒီလို လူစည်ကားတဲ့ နေရာတွေမှာ မတွေ့ချင်တာ''

ကြယ်စင်က မျက်စောင်းထိုးလိုက်ရင်း –

''အံမယ် ... ဒီလိုနေရာက သွားရလာရ အဆင်ပြေလို့ပါ ကိုရာ။ ဒီနေရာမျိုး မတွေ့တော့ ဘယ်မှာ သွားတွေ့ရမှာလဲ''

စကားဆုံးဆုံးခြင်းမှာပဲ နိုင်မိုးက ကြယ်စင်အရမ်းကြိုက်တယ်ဆိုတဲ့ သူ့ဆံပင်ရှည်ရှည်တွေကို ခပ်ဖွဖွ သပ်တင်လိုက်တယ်။ ပြီးမှ ...

''ကြယ်စင့်ကို ကိုယ် ညက Cb ထဲမှာ ပြောတယ်လေ။ ပန်းခြံတို့ သီးသန့်ခန်းတွေရှိတဲ့ စားသောက်ဆိုင်တို့၊ ဒါမှမဟုတ်လည်း ... ဟို''

စကားမဆုံးခင်မှာပဲ ကြယ်စင်က မျက်နှာနီနီလေးနဲ့ ဖြတ်ပြောလိုက်တယ်။

''တော်ပြီကွာ ... ဘာတွေလာပြောနေတာလဲ။ အဲလိုနေရာတွေ ကြယ်စင် မသွားရဲပါဘူး။ သွားလည်း မသွားဖူးဘူး''

နိုင်မိုးက ရယ်လိုက်တယ်။

''ကိုယ်လည်း မသွားဖူးပါဘူး ကြယ်စင်ရဲ့၊ မသွားဖူးလို့လည်း ဒယ်မြေသစ်တစ်ခုဆီကို ကြယ်စင်နဲ့ သွားချင်တာပေါ့''

ကြယ်စင် စဉ်းစားလိုက်တယ်။ တကယ်တော့ သူမလည်း ချစ်သူနဲ့



www.burmeseclassic.com

www.burmeseclassic.com



စွန့်စားခန်းလေးတွေ လုပ်ချင်တာပေါ့။ ဒါပေမဲ့ . . . အခြေနေက မပေးဘူး။ အဲဒါကြောင့် ခေါင်းခါလိုက်ရင်း . . .

"တစ်နေရာရာကိုသွားဖို့ဆိုတာက အချိန်ရမှဖြစ်မှာ ကိုရဲ့။ကြယ်စင်က အပြင်ကိုတောင် နိုးထွက်ရတာဆိုတော့ အချိန်က သိပ်ရတာ မဟုတ်ဘူး၊ ခုတောင် ပြန်ရတော့မှာ"

"ဟာကွာ . . . ကိုယ်နဲ့ကြယ်စင်က ချစ်သူတွေဖြစ်နေတာပဲ ကြာပြီ။ လွတ်လွတ်လပ်လပ်လည်း တစ်ခါမှမတွေ့ရသေးဘူး"

"ဆောရီးပါ ကိုရယ် . . . ကြယ်စင် တောင်းပန်ပါတယ်နော်။ အဲဒီလို သွားဖို့လာဖို့အတွက် အချိန်ရအောင် ကြယ်စင် မဖန်တီးတတ်လို့ပါ"

အဲဒီစကားကြောင့် နိုင်မိုး မျက်မှောင်ကြုတ်ရင်း စဉ်းစားလိုက်တယ်။

"ဒါနဲ့ ကြယ်စင်အိမ်ကနေ ခွင့်တောင်းပြီး အပြင်ထွက်ရင် ကြယ်စင်အဖေ့ရဲ့တပည့်တွေက ပုံမှန်ပါလာတတ်တာလား"

"အင်း . . . ဟုတ်တယ်၊ သူတို့မပါဘဲ မသွားရဘူးလေ"

"ဟုတ်ပြီလေ . . . အဲဒါဆိုရင် သူတို့ကိုကျော်ပြီး သွားလို့ရတဲ့ နည်းကို ကိုယ်စဉ်းစားထားလိုက်မယ်"

"ကိုကတော့ ဖွတ်ပဲ"

"ဘာလဲ . . . ကြယ်စင်က ကိုယ်နဲ့မတွေ့ချင်လို့လား"

ယောက်ျားလေးပီပီ မိန့်ကလေးကို မူလိုက်တော့ ကြယ်စင်က ရယ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး ကိုရယ် ကြယ်စင်လည်း တွေ့ချင်ပါတယ်။ အဲဒါဆိုလည်း စဉ်းစားထားလိုက် ဟုတ်ပြီလား"

"အိုကေလေ"

အဲဒီတော့မှ ကျေနပ်ဟန်နဲ့ နိုင်မိုး ပြုံးသွားတယ်။ ကြယ်စင်က နံရံကနာရီကို တစ်ချက်ကြည့်လိုက်ပြီး . . .

"ကြယ်စင် သွားတော့မယ်နော် ကို။ ထွက်လာတာ တစ်နာရီလောက် ရှိတော့မယ်။ ညကျမှ လိုင်းပေါ်မှာတွေ့မယ်လေ"

ပြောပြီး ကြယ်စင် ထရပ်လိုက်တယ်။ အဲဒီတော့မှ နိုင်မိုးက သတိရသွားတဲ့ပုံစံနဲ့ –

"ဒါနဲ့ ကြယ်စင်ပဲ ကို့ကို မွေးနေ့လက်ဆောင်ပေးမယ်ဆို။ ဘာလဲ လက်ဆောင်ကို လိုင်းပေါ်မှာပဲ ပေးမလို့လား"

အဲဒီတော့မှ ကြယ်စင်က သတိရသွားတဲ့ပုံနဲ့ –

"အယ် . . . ဆောရီးနော်။ ကြယ်စင်မေ့နေတာ ကိုရဲ့။ အဲ . . . မေ့နေတာ မဟုတ်ဘူး။ ကို့အတွက် ဝယ်မယ်ဆိုပြီး မဝယ်ဖြစ်သေးတာ"

"အင် . . . ကြယ်စင်က ဘာဝယ်ပေးမလို့လဲ"

ကြယ်စင်က မျက်လုံးလေး ထောင့်ကပ်လိုက်ရင်း . . .

"ဟင် . . . ကိုပဲ ဟန်းဆက်က မကောင်းတော့ဘူးဆို။ ဟန်းဆက်အသစ်ဝယ်ပေးမလို့လေ"

အဲဒီစကားကြောင့် နိုင်မိုးက ဝမ်းသာဟန်လေးပြလိုက်ပြီးမှ အားနာသလို ထပ်ပြောလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟန်းဆက်တော့ လိုချင်ပါတယ် ကြယ်စင်ရယ်။ အဲ ... ကြယ်စင့်ဆီက တောင်းတာမဟုတ်ဘူးနော်။ ကိုယ့်ဘာသာကိုယ် ဝယ်ချင်တာပါ။ ဟိုလေ ကိုယ်က ကြယ်စင်နဲ့ဆင်တူ iPhone လေး ကိုင်ချင်တာ။ ကိုယ့်ဘာသာပဲ အဆင်ပြေတော့မှ ဝယ်လိုက်ပါ့မယ်"

ပြောရင်း ကြယ်စင့်မျက်နှာကို မဝံ့မရဲလေး ကြည့်လိုက်သေးတယ်။ iPhone လေးတစ်လုံးလောက်ကို ကြယ်စင့်အနေနဲ့ ဘာဖြစ်ရမှာတုံး။ ရင်တောင်မခုန်ဘူး။ မော်ဒယ်အသစ်ထွက်လာရင်တောင် ကာလာကွဲနှစ်လုံးလောက် ဝယ်တာလေ ... ဟင်း ဟင်း။

ခုလည်း နိုင်မိုးစကားဆုံးတော့ ကြယ်စင်က ပေါ့ပေါ့ပါးပါးပဲ ..

"သြော် ... ကိုကလည်း ကြယ်စင် ဝယ်ပေးမယ်ဆိုတာကလည်း iPhone ပါပဲ။ ကို ဘာကာလာကြိုက်မှန်းမသိတာနဲ့"

"ကိုယ်လား၊ အဖြူရောင်ပဲ ဝယ်ဖို့စဉ်းစားထားတာ"

ကြယ်စင်က ခေါင်းညိတ်လိုက်ရင်း –

"ဝယ်လေ ... ကြယ်စင် မွေးနေ့လက်ဆောင်ဝယ်ပေးမှာပေါ့။ ဝယ်ပေးမယ်ဆိုတာတောင် ခုက အချိန်သိပ်မရတော့ဘူး"

နိုင်မိုးမျက်နှာက ညိုတိုတိုဖြစ်သွားတယ်။ ဒီအတိုင်းဆို ဘယ်နေ့မှ ဝယ်ပေးမှာလဲ မသိတော့ဘူး။ ပေးမယ်ဆိုကာမှ ပိုလိုချင်လာမိတယ်။ ဒါပေမဲ့ အခြေအနေအရ စကားကို ခပ်ဖော့ဖော့ပဲ ပြန်ပြောလိုက်တယ်။

"ရပါတယ်၊ ကြယ်စင်ပေးမယ့်လက်ဆောင်ပဲ။ ပေးတော့မှ ယူတော့မယ်။ မပေးလည်း ကိစ္စမရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုကျပြန်တော့လည်း ကြယ်စင် စိတ်မကောင်းဖြစ်သွား ခဲ့တယ်။ ကိုယ့်အနေအထားက ဝယ်ပေးနိုင်ပေမယ့် အချိန်မရတာကြောင့် တစ်ချက်စဉ်းစားလိုက်ပြီး –

"အားတော့နာတယ် ကိုရာ။ ဒီလိုလုပ်ပါလား။ ကြယ်စင် လိုက် ဝယ်ပေးချင်ပေမယ့် အချိန်မရဘူးဆိုတော့"

ဘာဆက်ပြောမလဲ၊ နိုင်မိုး ဆက်နားထောင်လိုက်တယ်။ ကြယ် စင်က သူ့လက်ကိုင်အိတ်ထဲက တစ်သောင်းတန်တစ်အုပ် ထုတ်လိုက်တယ်။ ပြီး ... နိုင်မိုးရှေ့မှာ ချပေးလိုက်ရင်း ...

"ရော့ ... ကို၊ အဲမှာဆယ်သိန်း။ လိုရင်လည်း လိုတဲ့ငွေလောက် ထော့ ဆိုင်မှာ ချန်လို့ရမှာပါ။ တစ်ခုပဲ ... ကြယ်စင့်ကို စိတ်မဆိုးနဲ့နော်"

မျက်စိရှေ့ရောက်လာတဲ့ ငွေဆယ်သိန်းကိုကြည့်ပြီး နိုင်မိုး အံ့ဩ နေမိတယ်။ လွယ်လှချည်လားပေါ့။ ဒီလောက်တန်ဖိုးကြီး လက်ဆောင်ပေး တာကို ဘာဖြစ်လို့ စိတ်ဆိုးရမှာလဲ၊ နိုင်မိုး ယောင်နနနဲ့ ပြန်မေးလိုက်တယ်။

"ဟင် ... ကိုယ်က ဘာကိုစိတ်ဆိုးရမှာလဲ ကြယ်စင်ရဲ့"

ကြယ်စင်က ပြုံးလိုက်တယ်။ ပြီးမှ –

"ဩော် ... ကိုယ်တိုင်လိုက်ဝယ်မပေးနိုင်တာကို စိတ်မဆိုးနဲ့လို့ ပြောတာပါ"

"ရပါတယ် ကြယ်စင်ရယ် ... စိတ်ဆိုးစရာလား၊ ကိုယ့်အပေါ် အမှတ်တရပေးတာကိုပဲ ကျေးဇူးတင်လှပါပြီ"

"အာ ... ကိုကလည်း ကျေးဇူးတင်စရာလား။ ကို ကျေနပ်တယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုရင်ပဲ ဝမ်းသာလှပြီ။ ညကျမှ လိုင်းပေါ်မှာတွေ့မယ်နော် . . . သွားပြီ"

"အိုကေ . . . ကြယ်စင် ခဏ"

ပြောရင်း ဆတ်ခနဲရပ်ပြီး ကြယ်စင့်အနား တိုးသွားလိုက်တယ်။ နားသယ်စပ်ကို ဖျတ်ခနဲနမ်းလိုက်တော့ ကြယ်စင့်မျက်နှာလေး ရဲသွားရဲ့။

"အာ . . . ကိုယ်ကတော့ လုပ်ပြီ . . . သွားပြီနော်"

ပြောပြီး ကြယ်စင် ထွက်လာခဲ့လိုက်တယ်။ နိုင်မိုးတော့ ဘယ်လိုတွေးပြီး ကျန်ခဲ့မယ်မသိဘူး။ ကြယ်စင်ကတော့ ချစ်သူကို လက်ဆောင်ပေးခဲ့ရလို့ ပျော်ပါတယ်။

စူပါမားကက်ထဲက ထွက်လာပြီး ကားပါကင်ဆီကို လျှောက်လာခဲ့တယ်၊ အဲဒီမှာတင် သူ့အဖေရဲ့တပည့်တွေဖြစ်တဲ့ ရန်နိုင်တို့ကို တွေ့လိုက်ရလို့ ကြယ်စင် နည်းနည်းလန့်သွားမိသေးတယ်။ ပြီးမှ ခုက တစ်ယောက်တည်းပဲလေဆိုတဲ့အတွေးနဲ့ မျက်နှာကို ပြန်တည်ပစ်လိုက်တယ်။

ရန်နိုင်က ကြယ်စင်ရဲ့နောက်ကျောဆီမှာ လူပါလာ၊ မပါလာဆိုတာကို လှမ်းကြည့်လိုက်ပြီးမှ . . .

"ကြယ်စင် . . . သမီးကို ဆရာလိုက်ရှာနေတယ်။ ဘယ်တွေသွားနေတာလဲ သမီး"

မျက်ခုံးအတွန့်ချိုးလိုက်ရင်း ကြယ်စင်က ဘုဆတ်ဆတ် ပြန်ဖြေလိုက်တယ်။

"ဝယ်စရာရှိလို့ ဈေးကိုလာတာလေ။ ဦးလေးတို့ကို သံချောင်းခေါင်းဦးတင်နေရဦးမှာလား"



www.burmeseclassic.com

www.burmeseclassic.com



ရန်နိုင်က ခေါင်းခါလိုက်ရင်း . . .

"အဲလိုသဘောမျိုးပြောတာ မဟုတ်ပါဘူး သမီးရယ်၊ တစ်နေရာရာကို သွားမယ်ဆိုရင် ကျွန်တော်တို့ကို အသိပေးဖို့ ပြောတာပါ။ ဆရာက သမီးကို လိုက်စောင့်ရှောက်ခိုင်းထားတယ်လေ"

"သိပါတယ် . . . လိုအပ်ရင် ခေါ်မှာပေါ့။ ကြယ်စင်က ကလေးမှ မဟုတ်တာ"

"ကလေးမဟုတ်လို့လည်း လိုက်စောင့်ရှောက်ခိုင်းတာပေါ့ သမီးရဲ့"

"အိုး . . . ဦးလေးကလည်း လျှာရှည်လိုက်တာ။ နောက်တစ်ခါ အပြင်ထွက်ရင် ခေါ်မယ် . . . ဟုတ်ပြီလား။ ခုလည်း အိမ်ပြန်တော့မှာ"

ကားပေါ်တက်ပြီး ကြယ်စင် မောင်းထွက်လာခဲ့တယ်။ နောက်ကြည့်မှန်ကနေ တစ်ချက်ရှိုးလိုက်တော့ ရန်နိုင်တို့ကားကို လှမ်းတွေ့ရတယ်။ ဆက်ကြပ်မကွာဆိုတာမျိုးပဲ။

ဘာပဲဖြစ်ဖြစ် ဒီနေ့အဖို့ ကြယ်စင် ပျော်မိတာအမှန်ပဲ။ ချစ်သူနဲ့ တွေ့ခွင့်ရတဲ့အပြင် လက်ဆောင်လည်း ပေးခဲ့ရသေးတယ်လေ။

ဘဝဆိုတာ လေပြည်တွေချည်းမလာကြောင်း ကြယ်စင် တွေးမထားမိသေးတာလည်း အမှန်ပါပဲ။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

''ရှင့်မလဲ တစ်ရက်တစ်ရက် ပိုက်ဆံဒီလောက်ပဲရှာနိုင်တာလား ကိုကျော်ကြီးရယ်။ ဘဲဥတွေချည်း အမျိုးမျိုးချက်စားနေရလို့ ကျွန်မလည်း ဘဲဥရုပ်ပေါက်နေပြီ''

အိမ်နောက်ဘက်ဆီကနေ ကြားလိုက်တဲ့ ဦးလေးမိန်းမရဲ့ မြည်တွန်သောက်တီးသံပါ။ အဲဒီညည်းတွားသံကြောင့် အိမ်ရှေ့ဆီမှာ ဂျာနယ်ဖတ်နေတဲ့ ဇော်ထက် သက်ပြင်းချလိုက်မိတယ်။ သူကိုယ်တိုင်ကလည်း ဦးလေးအိမ်မှာ ခဏလာနေတာဆိုတော့ စိတ်ညစ်မိတာ အမှန်ပဲ။

ဦးလေးကျော်ကြီးကတော့ ရယ်သလို မောသလိုနဲ့ ပြန်ပြောပါတယ်။

''မိန်းမရယ် ... ခုခေတ် တက္ကစီမောင်းစားရတာက အရင်လို



www.burmeseclassic.com

www.burmeseclassic.com


ငွေမရှင်ဘူးဟ။ တက္ကစီတွေ ပိုပေါလာသလို တက္ကစီစီးတဲ့လူတွေလည်း ရှားလာပြီ၊ လမ်းတွေက အမြဲကျပ်နေတော့ တက္ကစီပဲစီးစီး၊ လိုင်းကားပဲစီးစီး တစ်နေရာကိုသွားရင် ခရီးကြာချိန်က အတူတူလောက်ပဲလေ။ ငါလည်း ရှာနေတာပဲ။ ဘဲဥ အမြဲစားရတာပဲ ကုသိုလ်ထူးတယ်မှတ်ပေါ့ဟာ"

"အပိုတွေပြောမနေနဲ့ ကိုကျော်ကြီး။ အိမ်လခပေးဖို့ ရှိသေးတယ်ဆိုတာလည်း ခေါင်းထဲထည့်ထားဦး"

"အေးပါကွာ ... ငါ သိပါတယ်"

ဦးလေး ခေါင်းကုတ်ရင်း အိမ်ရှေ့ဆီ ထွက်လာတယ်။ ဇော်ထက်က အသင့်ကိုင်ထားတဲ့ လက်ထဲက ငွေငါးသောင်းကို ဦးလေးဆီ လှမ်းပေးလိုက်ရင်း ...

"ရော့ ဦးလေး ... ကျွန်တော် တတ်နိုင်သလောက် အိမ်စရိတ်ထောက်တာပါ"

ပိုက်ဆံတွေကိုကြည့်ပြီး ဦးလေးမျက်နှာ ဝင်းခနဲဖြစ်သွားတယ်။ ပြီးမှ အားနာဟန်နဲ့ သက်ပြင်းချရင်း ...

"မင်းဆီက မယူချင်ပေမယ့်လည်း အဆင်မပြေတော့ ယူရမှာပဲ ငါ့တူရေ။ မိန်းမရေ ... ဒီမှာ နင့်တူ အိမ်စရိတ်ပေးနေတယ် လာယူဦး"

ဦးလေးအခေါ်ကို စောင့်နေပုံရတဲ့ သူ့မိန်းမ ချက်ချင်းပဲ ရောက်ချလာတယ်။ ဇော်ထက်ဆီက ပိုက်ဆံကို လှမ်းယူရင်း ကျေးဇူးတင်စကားတော့ဆိုလာတယ်။

"ကျေးဇူးပါပဲ ဇော်ထက်ရေ ... ဒေါ်လေးတို့လည်း ကျပ်တည်း


www.burmeseclassic.com

www.burmeseclassic.com



နေလို့ပါ''

''ရပါတယ်ဗျ။ ကျွန်တော်လည်း အလုပ်သစ်လိုက်ရှာနေပါတယ်။ ရရင်တော့ ဒီထက်ပိုပေးနိုင်မှာပါ''

စကားအဆုံးမှာ ဦးလေးက ခေါင်းတဆတ်ဆတ်ညိတ်ရင်း ပြော သာတယ်။

''အေးကွာ ... မင်းအလုပ်မြန်မြန်ပြန်ရတော့လည်း ပိုအဆင်ပြေ သာပေါ့။ ဒါနဲ့ ငါ့တူကို ဦးလေး သတိတော့ပေးပါရစေကွာ''

''ပြောလေ ဦးလေး''

ဦးလေးက သက်ပြင်းဖွဖွအရင်ချတယ်။

''ငါ့တူကြီးက ဘယ်အလုပ်ဖြစ်ဖြစ် ကြိုးကြိုးစားစား လုပ်တတ် သယ်ဆိုတာ ဦးလေး သိပါတယ်။ ဒါပေမဲ့ ... ငါ့တူ အလုပ်မမြဲတာက မခံချင်စိတ် များတာကြောင့်လို့ ဦးလေး ထင်တယ်လေ''

''အဲဒါကတော့''

ဖော်ထက် စကားဖြတ်ပြောဖို့ ဟန်ပြင်လိုက်ပေမယ့် ဦးလေးက ဆက်ကာပြရင်း ဆက်ပြောလာတယ်။

''ငါ့တူဘက်က မှန်တယ်ဆိုတာ ဦးလေး သိပါတယ်။ ဒါပေမဲ့လည်း ဘှာ အလုပ်လုပ်တယ်ဆိုတာကလည်း ကိုယ်မှန်တယ်ဆိုရုံနဲ့ မပြီးဘူးလေ။ ပြဿနာတစ်ခုဖြစ်လာရင် ငါ့တူက မခံချင်စိတ်နဲ့ အမြဲဖြေရှင်းတတ်တယ်။ အဆုံးဆုံးကတော့ ငါ့တူက လက်သွက်လွန်းတာပဲ။ ဦးလေးပြောတာ ဟုတ်လား။ ပြဿနာဖြစ်တိုင်း ငါ့တူ ဆော်ခဲ့တာချည်းပဲလေ။ ခုဒီစိတ်ကို



www.burmeseclassic.com

www.burmeseclassic.com



နည်းနည်းထိန်းဖို့ ပြောတာပါ''

ဦးလေးစကားကို လက်ခံတဲ့အနေနဲ့ ဇော်ထက် ခေါင်းညိတ်ပြလိုက်မိတယ်။ ကိုယ်ကိုယ်တိုင်ကလည်း ကိုယ်ခံပညာမှန်သမျှ ဟိုစပ်စပ်၊ ဒီစပ်စပ် သင်ထားခဲ့တော့ ပြဿနာဖြစ်ပြီဆိုရင် လက်က ရောက်ရောက်သွားတတ်တာ။ ငယ်ငယ်ကလည်း ရန်ပွဲတွေနဲ့ ယဉ်ပါးခဲ့တော့ ထိုးရ ကြိတ်ရမှာကို လက်မတွန့်ဘူးဖြစ်နေတာ ဆိုးတယ်။ မဟုတ်မခံစိတ်နဲ့ဆိုတော့ ပြီးရောပဲ။ အဲဒီစိတ်ကြောင့်လည်း ရန်ပွဲတွေဖြစ်ပြီး အလုပ်တွေထဲက ထွက်ခဲ့ရတာလည်း မနည်းဘူး။ အလုပ်တစ်ခုမှာ ရေရှည်အဆင်ပြေဖို့အတွက် ထိန်းမှဖြစ်မယ်လို့ တွေးလိုက်မိတယ်။

''ဟုတ်ကဲ့ပါ ဦးလေး၊ ကျွန်တော် ထိန်းပါ့မယ်။ ခုလိုဆုံးမတာလည်း ကျေးဇူးပါ''

ဦးလေးက ပြုံးတယ်။

''ရပါတယ်ကွာ။ ငါတို့က တူဝရီးဆိုပေမယ့် မင်းကို သားတစ်ယောက်လို သဘောထားလို့ ပြောရတာပါ။ မင်းစိတ်ကို မင်းထိန်းနိုင်ရင် အလုပ်ကိစ္စမှ မဟုတ်ဘူး၊ ကျန်တဲ့နေရာတွေမှာပါ အကျိုးရှိလာမှာပါ ငါ့တူရ''

''ဟုတ်ကဲ့ ဦးလေး ... ကျွန်တော် နားလည်ပါပြီ''

ပြောပြီး အိမ်ကနေ ထွက်လာခဲ့တယ်။ ဘယ်သွားရမှန်းမသိတာနဲ့ သူငယ်ချင်းဖြစ်တဲ့ အောင်အောင် အလုပ်လုပ်နေတဲ့ ဘီယာဆိုင်ကို ရောက်သွားတယ်။ စားပွဲထိုးနေတဲ့ အောင်အောင့်ပုံစံကိုကြည့်ပြီး ဒီအလုပ်မျိုးနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ ဖြစ်မှာမဟုတ်ဘူးလို့ တွေးမိသေးရဲ့။ လူတစ်ယောက်ကို အဲဒီလောက် နှိမ့်ချိုးရတာမျိုး ဇော်ထက် ဝါသနာမပါဘူးလေ။

အောင်အောင်က မှာစရာမလိုတဲ့ အလိုက်တသိ ဘီယာခွက် လာချပေးရင်း ...

"ဇော်ထက် ... မင်းအလုပ်ရှာနေတာ အဆင်ပြေပြီလား"

ဇော်ထက်က ခေါင်းခါလိုက်ပြီး ...

"အလုပ်မရှိသေးလို့ မင်းဆိုင်ကို နေ့တိုင်းရောက်ဖြစ်နေတာပေါ့ အောင်အောင်ရာ။ ရှိတဲ့ပိုက်ဆံလည်း ပါးနေပြီ"

အောင်အောင်က ရယ်တယ်။

"မင်းကတော့ ဖြစ်ရမယ်။ အေးကွာ ... မင်းကလည်း ထစ်ခနဲဆို ကျိုင်တက်တတ်တဲ့ကောင်ဆိုတော့ အလုပ်မမြဲတာ မဆန်းပါဘူး"

"ဟာ ... ဟေ့ကောင်၊ ငါက ကျိုင်ရှာတာမဟုတ်ဘူး။ ကျိုင်ကငါ့ကို လာရှာတာကွ"

"ဘာပဲဖြစ်ဖြစ်လေ ... ကျိုင်တော့တက်တာပဲ မဟုတ်လား"

"ထားပါတော့ကွာ။ ငါ့အတွက်တော့ ကျိုင်တက်တာက ရိုးနေပါပြီ"

"အင်း ... မင်းကလည်း လက်ယဉ်တဲ့ကောင်ဆိုတော့ လူမိုက်လုပ်စားပါလား"

"ဟာ ... ပေါက်ပေါက်ရှာရှာကွာ။ လူမိုက်လုပ်စားရတာများ သွယ်တတ်မှတ်နေလို့လား။ ငါ့မှာ အဲလောက်အရည်အချင်း မရှိပါဘူး အောင်အောင်ရာ။ ဟေ့ကောင် ... မင်း ငါနဲ့ပဲ စကားတွေ လာပြောမနေနဲ့



www.burmeseclassic.com

www.burmeseclassic.com



မင်းဆိုင်ရှင် မင်းကို ကွိုင်ရှာနေဦးမယ်''

''အေးဟ . . . မင်းလည်း အေးဆေးသောက် ဟော့ကောင်''

အောင်အောင် အနားကထွက်သွားတော့မှ ဇော်ထက်လည်း သက်ပြင်းချမိတယ်။ ကိုယ့်လို အမြဲကွိုင်တက်တတ်တဲ့ကောင်မျိုးကို ဘယ်အလုပ်ကမှ မျက်နှာသာမပေးတာလည်း မလွန်ဘူးထင်ပါရဲ့။

လေပူကြီးကို အားရပါးရ မှုတ်ထုတ်လိုက်ပြီးမှ ခွက်ထဲက ဘီယာကို မော့ချလိုက်ပါတယ်။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

ပျင်းလို့သာ ရောက်တတ်ရာရာဆိုပြီးထွက်လာခဲ့တာ။ စူပါမားကက်ထဲရောက်တော့လည်း ဘာဝယ်လို့ဝယ်ရမှန်းမသိဘဲ ယောင်ချာချာနဲ့ လျှောက်ကြည့်နေမိတယ်။ ရောက်တဲ့နောက်တော့ မထူးပါဘူး။ ရောင်းတဲ့ဆိုင်တွေကို မဆီမဆိုင် အားနာလို့ တီရှပ်တစ်ထည်လောက်တော့ ဝယ်မှပါလေဆိုပြီး တွေးမိတယ်။ အဲဒီစိတ်ကူးနဲ့ ဆိုင်တစ်ဆိုင်ထဲဝင်ဖို့ အလုပ်မှာ –

"ဘုတ်!"

"အင့်!"

ဆိုင်ထဲကနေ ပြေးထွက်လာတဲ့ လူတစ်ယောက်က ဇော်ထက်ကို ဝင်တိုက်လိုက်တာ။ ဘာလဲဟ။ ဇော်ထက်က ငေးနေတဲ့ကောင်ဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



ဝင်တိုက်တဲ့အရှိန်နဲ့ နောက်လန်သွားတယ်။ စိတ်ထဲကလည်း ထောင်းခနဲဖြစ်သွားရင်း အသားတကျ မြန်နေတဲ့လက်က ဆတ်ခနဲ ရောက်သွားလေရဲ့။

"ဟော့ကောင် ... မင်း လူတစ်ယောက်လုံးတောင် မမြင်ဘူးလား"

ဆတ်ခနဲ အဲဒီလူရဲ့အင်္ကျီစကို လှမ်းဆွဲလိုက်တော့ ဦးထုပ်ဆောင်းထားတဲ့လူဟာ ဆက်ပြေးမရဘဲ ရပ်သွားတယ်။

"အာ ... ဘာလုပ်တာလဲ၊ မတော်တဆပဲဟာကို"

မိန်းကလေးအသံစူးစူးလေးနဲ့အတူ ဖျတ်ခနဲလှည့်လာတဲ့ မျက်နှာဖူးဖူးလေးကြောင့် ကိုင်ထားတဲ့အင်္ကျီစကို ဇော်ထက် ယောင်ပြီး လွှတ်ပေးလိုက်မိတယ်။

"ဆောရီး ... ငါက ယောက်ျားလေးထင်လို့"

တောင်းပန်စကားထွက်သွားတဲ့ ကိုယ့်ပါးစပ်ကိုယ်တောင် ဇော်ထက် မယုံနိုင်ဘူး။ ကောင်မလေးရဲ့ချစ်စရာမျက်နှာလေးကြောင့်လည်း ဖြစ်မယ်ထင်တယ်။ ကောင်မလေးက အင်္ကျီကို ပြန်ဆွဲဆန့်ပြီး ပြုံးပြတယ်။

"ရပါတယ် ... ကြယ်စင်က တောင်းပန်ရမှာပါ။ ပြေးထွက်လာတာက ကြယ်စင်လေ။ ဆောရီးနော် ... သွားဦးမယ်"

ဆိုင်ထဲကို မလုံမလဲ လှမ်းကြည့်ရင်း အလျင်စလို ပြေးထွက်သွားလေရဲ့။ ဘာလေးလဲဟ။ ဇော်ထက်လည်း ပခုံးအသာတွန့်မိပြီး ဆိုင်ထဲ ဝင်လာခဲ့လိုက်တယ်။

ဆိုင်ထဲရောက်တော့ တီရှပ်တွေလျှောက်ကြည့်နေတုန်း ပျာယာ



www.burmeseclassic.com

www.burmeseclassic.com



ခတ်နေကြတဲ့ လူသုံးယောက်ကို တွေ့လိုက်ရပြန်တယ်။

"ဟော့ကောင် ... ကြယ်စင်ကော ဘယ်မှာလဲ"

တစ်ယောက် ပြန်ဖြေတယ်။

"မသိဘူးလေ ... ကိုရန်နိုင်နားမှာ မဟုတ်ဘူးလား"

မျက်နှာပေါက်ဆိုးဆိုးနဲ့ ရန်နိုင်ဆိုတဲ့လူက ပြန်ဖြေတယ်။

"ဟာ ... မရှိပါဘူး၊ ရှာပါဦးကွ။ ဒီကောင်မလေးတော့ကွာ ... ဆရာတော့ ဆူတော့မှာပဲ"

အဲဒီလူသုံးယောက်လည်း ဆိုင်ထဲမှာ နေရာလပ်မကျန်ရှာပြီးမှ ဆိုင်အပြင်ဘက်ကို ထွက်သွားကြတယ်။ ဇော်ထက် နည်းနည်းတော့ သဘောပေါက်လိုက်မိတယ်။ ဒီလူသုံးယောက်က ခုနကပြေးထွက်သွားတဲ့ ကြယ်စင်ဆိုတဲ့ ကောင်မလေးကို ရှာနေတာပဲ။ ကောင်မလေးကို စောင့်ရှောက်ဖို့ သူ့အိမ်က ထည့်ပေးလိုက်တဲ့လူတွေပဲဖြစ်မယ်။ ထားတော့။

တီရှပ်တစ်ထည်နဲ့ ဂျင်းဘောင်းဘီတစ်ထည် ဝယ်ပြီးချိန်မှာတော့ အဲဒီကိစ္စကို မေ့မေ့လျော့လျော့ ဖြစ်သွားပါတယ်။ ဆိုင်ထဲက ထွက်လာတော့ တစ်ခုခုစားဦးမှပဲဆိုတဲ့အတွေးနဲ့ အပေါ်ဆုံးထပ်က စားသောက်ဆိုင်တွေဆီ တက်လာခဲ့တယ်။

စားပွဲလွတ်တစ်လုံးမှာ ဝင်ထိုင်ပြီး စားသောက်စရာတွေ မှာပြီးချိန်မှာပဲ ခုနကကြားဖူးထားတဲ့ အသံစူးစူးလေးကို ဘေးဝိုင်းဆီက ပြန်ကြားလိုက်ရပြန်တယ်။

"ကြယ်စင် ပြန်တော့မယ်နော် ကို။ ခုလောက်ဆိုရင် ဦးရန်နိုင်တို့



www.burmeseclassic.com

www.burmeseclassic.com



ဒေါင်းတောက်အောင် လိုက်ရှာနေလောက်ပြီ။ ကိုပြောတဲ့ကိစ္စ ကြယ်စင်စိစဉ်ထားလိုက်မယ် . . . သိလား''

''အင်း . . . စိတ်ချမယ်နော် ကြယ်စင်။ ညကျမှ လိုင်းပေါ်မှာတွေ့မယ်''

ကြယ်စင်ဆိုတဲ့ကောင်မလေး ပြေးထွက်သွားတော့မှ ဇော်ထက်လည်း အခြေအနေကို သဘောပေါက်သွားတယ်။ ခုနက ဒီကောင်မလေး ပြေးထွက်လာတာက ဘဲနဲ့တွေ့မလို့ကိုး။ ခုံမှာထိုင်ကျန်ခဲ့တဲ့ အဲဒီဘဲကို ဇော်ထက် မသိမသာ အကဲခတ်လိုက်မိတယ်။ အင်း . . . အသက်ကတော့ သူနဲ့သိပ်မကွာလောက်ဘူးလို့ တွေးမိတယ်။

ရုပ်ကတော့ မိန်းကလေးအများစု ကြိုက်နိုင်တဲ့ ကိုရီးယားမင်းသားလို ဖြူဖြူနွဲ့နွဲ့ပုံစံနဲ့။ ဆံပင်ကလည်း ဇွစ္စဇွစ္စစောင်းစောင်း။ ဇော်ထက်တို့ သိပ်ကြည့်လို့မရတဲ့ပုံစံတွေပေါ့။

ပထမတော့ ဘာရယ်မဟုတ်ဘဲ စပ်စုချင်စိတ်နဲ့ ကြည့်မိတာပါ။ ခဏနေတော့ အဲဒီကောင် ဖုန်းဆက်ပြီး ပြောနေတဲ့စကားသံကြောင့် ပို အထင်သေးသွားမိတယ်။

''နိုင်မိုးပါ မောင်သန့်ရ။ ငါ့စကီလေးက ငါ တစ်ချက်ခွေ့လိုက်ရင် လိုချင်တဲ့ပိုက်ဆံ ကျပြီးသားပဲ။ သူ့မှာ အပေါ်ဆုံးက ငွေလေ။ ငါ့မှာလည်း တော်ကီနဲ့အယုအယလေးတွေ ပေါ်တာဆိုတော့ ပြီးနေပြီပေါ့။ အဲဒါ . . . အိုကေပါ။ မင်း ပစ္စည်းသာ ဖန်လာခဲ့လိုက်။ ငွေအတိအကျ ငါပေးမယ်။ ဒါပဲ ဟော့ကောင်''



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလောက်ဆို ဇော်ထက် သဘောပေါက်လိုက်ပါတယ်။ အချစ်ပေါ်ပဲ ကိုးကွယ်နေတာလား၊ အယုအယတွေကိုပဲ သာယာနေတာလားတော့ မသိဘူး။ ကောင်မလေးအတွက် ရင်လေးသွားမိတာတော့ အမှန်ပါပဲ။

အင်း ... ဒါမျိုးကိစ္စတွေက ဖြစ်နေကြမှာပဲ။ လိုက်ခံစားနေရင် အာရုံနောက်တာပဲရှိမယ်။ ကောင်မလေးကို သနားမိပေမယ့် ကိုယ်နဲ့မှ မဆိုင်တာလေလို့ တွေးလိုက်မိတယ်။

မှာထားတဲ့စားသောက်စရာတွေကလည်း စားပွဲပေါ်လာချပြီလေ။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

"အဲဒီနိုင်မိုးဆိုတဲ့ကောင်အကြောင်းကို ဖေဖေ အားလုံးစုံစမ်းပြီးပြီ သမီး။ ဖေဖေ တစ်ခွန်းပဲပြောမယ်။ သမီးနဲ့ လုံးဝသဘောမတူနိုင်ဘူး။ အဆက်အသွယ်ဖြတ်လိုက်ပါ . . . ဒါပဲ"

ဖခင်ဖြစ်သူရဲ့ပြတ်သားလွန်းတဲ့စကားအဆုံးမှာတော့ ကြယ်စင် ဟီးခနဲ ငိုချလိုက်မိတယ်။ စောဒကတက်လို့လည်း ထူးမှာမဟုတ်ဘူးဆိုတာ သိထားမိတာမို့ . . .

"ဖေဖေ မတရားဘူး။ ဖေဖေ လုံးဝမတရားဘူး"

ငိုရင်း ကြယ်စင် အော်ပြောလိုက်ပေမယ့် ဦးကျော်ဇောကတော့ ခပ်တင်းတင်းပဲ။ ဒီနေရာမှာတော့ ပြတ်သားဖို့လိုလာပြီမို့ ပြတ်သားပြလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"သမီးဒုက္ခရောက်မယ့်ကိစ္စမျိုးဆို ဖေဖေ မတရားလည်း လုပ်ရမှာပဲ သမီး။ ထပ်ပြောမယ်၊ ဒီနေ့ကစပြီး အိမ်ထဲကအိမ်ပြင် ထွက်ဖို့မစဉ်းစားနဲ့ ပြီးတော့ သမီးကိုင်ထားတဲ့ ဖုန်းတွေ ဖေဖေ့ကို ပြန်လာပေးပါ ... ဒါပဲ"

ကြယ်စင် ဘာမှပြန်ပြောမနေတော့ဘဲ ဖခင်ဖြစ်သူရဲ့ရှေ့က ထွက်လာခဲ့တယ်။ အိပ်ခန်းထဲက ကိုင်နေကျဖုန်းနှစ်လုံးကို ယူပြီး ဦးကျော်ဇေ ရှေ့မှာ ချပေးလိုက်တယ်။

"ဖေဖေ့သမီး လိမ္မာသားပဲ"

ဒီတစ်ခါလည်း ဘာစကားမှပြန်ပြောမနေဘဲ နှုတ်ခမ်းကိုက်ပြီး ကြယ်စင် လှည့်ထွက်လာခဲ့တယ်။ အိပ်ခန်းထဲရောက်တော့ အခန်းတံခါးကို အတွင်းဘက်ကနေ ဒေါသတကြီး ဆောင့်ပိတ်လိုက်တယ်။

ကြယ်စင်ကလည်း ကိုယ့်အကြံနဲ့ကိုယ်မို့ တစ်နေ့ ဒီလိုဖြစ်လာနိုင် တယ်ဆိုတာ ကြိုတွေးထားမိတယ်။ ဒါကြောင့်လည်း ဖုန်းတစ်လုံးကို အပို သင့်ဆောင်ထားတာပေါ့။

အဲဒီဖုန်းကို ဗီဒိုထဲကထုတ်ပြီး နိုင်မိုးဆီ message တစ်စောင် ပို့လိုက်ပါတယ်။

"ကို message ရရချင်း လိုင်းပေါ်တက်ခဲ့ပါ။ အရေးတကြီး ပြော စရာရှိတယ်"

တစ်ဖက်က နိုင်မိုးဟာ message လက်ခံရပြီးပြီးချင်းပဲ online ပေါ်တက်ဖို့ ဖုန်းထဲက mobile data ဆိုတဲ့ icon လေးကို နှိပ်လိုက်တယ်။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

ဒီတစ်ခါ ဦးကျော်ဇော ပေါက်ကွဲတာက အကြီးအကျယ်ပါ။ မိုးမီးလောင်တယ်ဆိုတာမျိုးပဲ။ ဘာနဲ့မှကိုမတူဘူး။ စိတ်ဆိုးဒေါသထွက်နေရတဲ့ကြားထဲ သမီး ဒုက္ခရောက်မှာကို စိုးရိမ်တဲ့ သောကကြီးကလည်း ဝင်းနေသေးတယ်။ ဖိစီးဆို ကြယ်စင်က အိမ်ကနေပျောက်သွားတာကိုး။

ဒီလောက် တပည့်တွေကို စောင့်ကြည့်ခိုင်းထားတဲ့ကြားက ပျောက်သွားလို့ အိမ်ကကောင်တွေကိုလည်း ရိုက်နှက်ဆုံးမပြီးပြီ။ ကိုယ့်ကိုယ်ကိုယ်လည်း ပေါ့လျော့တယ်လို့တွေးရင်း ထပ်ကာတလဲလဲ အပြစ်တင်နေမိတယ်။

တကယ်ဆို စည်းကမ်းတင်းကျပ်လိုက်ကတည်းက သမီး ထွက်ပေါက်ရှာတော့မယ်ဆိုတာ တွေးထားခဲ့သင့်တယ်။ စိတ်ထဲမှာ မလုပ်



www.burmeseclassic.com

www.burmeseclassic.com



လောက်ဘူး ထင်ခဲ့တာ။ ခုတော့ တစ်ယောက်တည်းဆိုတဲ့ သမီးလေးက မိုက်လုံးကြီးသွားပြီ။ သူ့ဘဝရဲ့ပိုင်ဆိုင်သမျှတွေအားလုံးနဲ့ မလဲနိုင်တဲ့ သမီးလေး။ ဘယ်တွေရောက်ပြီး ဘာတွေလုပ်နေမှာလဲ။ ဟိုသတ္တဝါ နိုင်မိုးနဲ့ များ ... ဟား။ ဦးကျော်ဇော ဆက်မတွေးရဲတော့ဘူး။

လုပ်စရာတစ်ခုပဲရှိတော့တယ်။ သမီးကို လိုက်ရှာရမှာပေါ့။ နိုင်မိုး ဆိုတဲ့ကောင်ဆီမှာဆိုရင်လည်း ရအောင်ခွဲရမှာပဲ။ ဒီတစ်လမ်းပဲ ရှိတယ်။ ရွေးစရာမရှိ။

"ရန်နိုင် ... နိုင်မိုးဆိုတဲ့ကောင်အိမ်ကို စုံစမ်းစမ်း။ သိရတာနဲ့ သွားမယ်"

"ဟုတ်ကဲ့ ဆရာ"

နေရာတော်တော်များများမှာ သောက်သုံးမကျပေမယ့် ဒီတစ်ခါ တော့ ရန်နိုင်ကို ချီးကျူးရမယ်။ နိုင်မိုးဆိုတဲ့ကောင် ငှားနေတယ်ဆိုတဲ့ တိုက်ခန်းကို နှစ်နာရီလောက်အတွင်းမှာ စုံစမ်းလိုက်နိုင်တာကိုး။ ဒါနဲ့ပဲ တပည့်သုံးယောက်နဲ့အတူ နိုင်မိုးဆီ ထွက်လာခဲ့တယ်။

သူဌေးတစ်ယောက်အနေနဲ့ လေးလွှာတိုက်ခန်းပေါ်တက်ရတာ လွယ်တဲ့အလုပ်တော့ မဟုတ်ဘူး။ သမီးဖောနဲ့ဆိုတော့ တက်ရပြီပေါ့။ နိုင်မိုး ရဲ့အခန်းတံခါးရှေ့ရောက်တဲ့အချိန်မှာ လဲကျမတတ် အမောဖောက်နေသေး တယ်။ ရန်နိုင် အခန်းတံခါးခေါက်မှာကိုတောင် လှမ်းတားထားရတယ်။

"ဟော့ကောင် ခဏ၊ ခဏ ... ဟိုကောင်နဲ့မတွေ့ခင် ငါ သေ သွားဦးမယ်။ အမောဖြေလိုက်ဦးမယ်ဟ"



www.burmeseclassic.com

www.burmeseclassic.com



ရန်နိုင်ကလည်း ဆရာ့အမိန့်အတိုင်း စောင့်ပါတယ်။ အမောပြေ ...တဲ့အချိန်မှာတော့ သမီးဖောနဲ့ ဦးကျော်ဖော စိတ်ပြန်တင်းလိုက်တယ်။ ...သူကိုယ်တိုင် အခန်းတံခါးခေါက်မယ်ကြံပြီးမှ ဒီကောင့်အခန်းတံခါးကြောင့် ...ဆက်အနာမခံနိုင်ဘူးလို့ တွေးလိုက်ရင်း ...

"ရန်နိုင် ... အခန်းတံခါးခေါက်လိုက်တော့"

အခန်းတံခါးခေါက်ပြီး သိပ်မကြာဘူး။ တံခါးဟာ အသာပွင့်လာပြီး ...နိုင်မိုးရဲ့ကလေးမသာသောက်ခွက် ပေါ်လာတယ်။

ဦးကျော်ဖော ချက်ချင်းပဲ အမိန့်ပေးလိုက်ပါတယ်။

"ဟေ့ကောင်တွေ ... အထဲဝင်ရှာကွာ။ ဘာမှဂရုမစိုက်နဲ့"

"ဟာ ... ဟေ့လူတွေ"

နိုင်မိုးရဲ့တားဆီးသံဟာ မထိရောက်လိုက်ပါဘူး။ ရန်နိုင်တို့သုံး ...ယောက်ဟာ သခင်အပေါ် သစ္စာရှိတဲ့ ခွေးတွေလို နိုင်မိုးကို တွန်းဖယ်ပြီး ...သခင့်အမိန့်အတိုင်း အခန်းဝင်သွားကြတယ်။ လုံးဝ လူမိုက်တွေအတိုင်းပဲ။

နိုင်မိုးကလည်း နပ်တယ်။ ချက်ချင်းဆိုသလို ရန်နိုင်တို့နောက်ကို ...ပြေးလိုက်သွားပြီး ...

"ခင်ဗျားတို့က ဘာတွေလဲ၊ ဘယ်သူတွေလဲ။ ကျုပ်အခန်းကို ...လိုဝင်လာတာ ပိုင်နက်ကျူးလွန်တာနော်။ ဟေ့လူတွေ ... ခင်ဗျားတို့ဟာ ... ဘာလုပ်တာလဲ"

ရန်နိုင်တို့ကတော့ နိုင်မိုးရဲ့စကားကို ဖင်ကြားတောင်မသုံးဘူး။ ...ကြားတဲ့ပုံစံမျိုးနဲ့ တိုက်ခန်းတစ်ခန်းလုံးကို မွှေနှောက်ပြီးရှာနေတယ်။



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံခြားဗီဒီယိုကားတွေထဲကအတိုင်းပဲ။

ဦးကျော်ဇောကတော့ နိုင်မိုးရဲ့မျက်နှာချင်းဆိုင်လိုက်ရင်း စေ့စေ့ကြည့်ပြီး ပြောလိုက်တယ်။

"ပိုင်နက်ကျူးလွန်တာ . . . ဟုတ်လား ဟော့ကောင်။ ဟား ဟား . . . ရယ်ရတယ်ကွာ။ မင်းကမှ ငါ့သမီးကို ဖြားယောင်းထားတာကွ။ ဘယ်မှာလဲ ငါ့သမီး"

နိုင်မိုးက သူ ဘာမှမသိတဲ့ပုံစံနဲ့ ခေါင်းခါလိုက်တယ်။

"ဟာ . . . စွပ်စွပ်စွဲစွဲဗျာ။ ဘယ်က ဦးလေးရဲ့သမီးလဲ။ ဒီမှာ ကျွန်တော်တစ်ယောက်တည်း နေတာဗျ"

"ဟော့ကောင် . . . မင်းလိမ်ဖို့မစဉ်းစားနဲ့။ ငါ့သမီးဆိုတာ ကြယ်စင်ကျော်ဇောကိုပြောတာ။ မင်းနဲ့ ရည်းစားဖြစ်နေတဲ့ ကြယ်စင်ကျော်ဇောလေ၊ ငါက သူ့အဖေ ကျော်ဇောပဲ။ ဘယ်မှာလဲ ငါ့သမီး"

ဒဲ့မေးလိုက်တော့လည်း နိုင်မိုးက ခေါင်းကုတ်လိုက်ရင်း . . .

"ဦးလေး မှားနေပြီထင်တယ်။ ကြယ်စင်နဲ့ကျွန်တော်က ရည်းစားဖြစ်ခဲ့တာ ဟုတ်ပေမယ့် အဆက်အသွယ်မရှိတော့ဘူးဗျ။ သူ ကျွန်တော့်ဆီလည်း မလာဘူး"

အဲဒီအချိန်မှာပဲ ရန်နိုင်တို့သုံးယောက်က တိုက်ခန်းနောက်ဘက်ဆီက ပြန်ထွက်လာကြတယ်။ ဦးကျော်ဇော မေးဆတ်ပြလိုက်တော့ ရန်နိုင်က . . .

"မရှိဘူး ဆရာ၊ ဒီအခန်းမှာရှိခဲ့တဲ့ အရိပ်အယောင်၊ သဲလွန်စလည်း မတွေ့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ကဲ ဘယ်တွေ့မှာလဲဗျ။ ကြယ်စင်က ဒီကိုမှ မလာတာ"

"အဲဒါဆို မင်း သူ့ကို ဘယ်မှာထားလဲ"

"ဦးလေးရယ် ... ကြယ်စင်နဲ့ကျွန်တော် အဆက်အသွယ် တကယ်မရှိတော့တာပါ။ မယုံရင်လည်း မတတ်နိုင်တော့ဘူး"

အပြစ်ကင်းစင်ဟန်နဲ့ ပြောနေတဲ့ နိုင်မိုးကိုကြည့်ပြီး ဦးကျော်ဇောတွေဝေသွားတယ်။ ဒီကောင် ရုပ်တည်နဲ့ ညာနေတာလားဆိုတဲ့ သံသယကတော့ ရှိနေတုန်းပဲ။

"ဟော့ကောင် ... မင်းစကားကို ငါက ဘာသက်သေနဲ့ယုံရမှာလဲ"

ဟန်ပါပါနဲ့ ပခုံးတွန့်လိုက်ပြီးမှ နိုင်မိုးက ပြောလာတယ်။

"သက်သေ ... ဟုတ်လား၊ ဦးလေးတို့ပဲ ကျွန်တော့်အခန်းကို ခုမွှေသလို မွှေနှောက်ရှာပြီးပြီလေဗျာ။ ဘာသက်သေ ထပ်ပြရဦးမှာလဲ"

ဒီတစ်ခါတော့ ဦးကျော်ဇောလည်း စဉ်းစားသွားတယ်။ ဟုတ်တယ်လေ။ သမီးပျောက်သွားတာ ဒီကောင့်လက်ချက်ပဲဆိုတဲ့အတွေးနဲ့သာ လာခဲ့တာ။ သက်သေဆိုလို့ ဘာမှရှိတာ မဟုတ်ဘူး။ ပြီးတော့ သမီးကလည်း မှန်ရှင်၊ ဝတ္ထုတွေထဲကလို သမီးချစ်သူနောက် လိုက်သွားပါပြီဆိုတဲ့ message လေးတောင် ချန်မထားခဲ့ဘူးလေ။ အဲလိုဆိုရင် နိုင်မိုးဆိုတဲ့ကောင်ကို အဲဒီသက်သေနဲ့ ဆွဲစိလို့ ရသေးတယ်။ ခုတော့ ဘယ်လိုလုပ်ရမှန်းတောင် မသိတော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



နိုင်မိုးကို ထပ်ပြီးစိုက်ကြည့်လိုက်တယ်။ အဲဒီကောင် မျက်ဝန်းထဲမှာ အလိမ်အညာတွေများ တွေ့မလားလို့လေ။ ဝေါ်ကတော့ ခုထိ အေးဆေးပဲ။ ခုထိကို ပီဘိအပြစ်ကင်းစင်တဲ့ပုံလေး လုပ်ထားတယ်။

စဉ်းစားရင်းက နိုင်မိုးကို မြှားလို့ရမယ့်အကွက်တစ်ကွက်ကို သွားတွေ့တယ်။ အဲဒီအတွေးနဲ့ တင်းထားတဲ့မျက်နှာထားကို ဦးကျော်ဇေ လျှော့ချလိုက်တယ်။

"နိုင်မိုး ... ငါ မင်းနဲ့ အေးအေးဆေးဆေးညှိချင်တယ်ကွာ။ ခုလိုအချိန်မှာ ငါ့သမီးကို မင်းနဲ့မှမဟုတ်ဘူး၊ ဘယ်သူနဲ့မှ မပေးစားနိုင်သေးတာပါ။ သူ့အနာဂတ်အတွက် ငါစဉ်းစားထားတာတွေ၊ လုပ်ပေးချင်တာတွေ အများကြီး ရှိသေးတယ်"

"ဟုတ်မှာပါ၊ ဦးလေးက မိဘပဲလေ"

"အဲဒီတော့ ငါ့သမီးလေးကို ငါပြန်လိုချင်တယ်ကွာ။ မင်းဆီမှာဆိုရင် ငါ့ကိုပြန်ပေးပါ။ မင်းငွေလိုရင် ငါပေးမယ်။ သိန်းတစ်ရာလား၊ နှစ်ရာလား။ ကဲကွာ ... သိန်းငါးရာထိပေးမယ်။ ဘယ်လိုလဲ"

နိုင်မိုး မျက်လုံးတွေ လက်ခနဲဖြစ်သွားတယ်၊ ဒါပေမဲ့ ခဏလေးပဲ ချက်ချင်းဆိုသလို လေပူတစ်ချက် မှုတ်ထုတ်လိုက်ရင်း ...

"ဟူး ... ခက်လိုက်တာ ဦးလေးရာ၊ သိန်းငါးရာဆိုတဲ့ ကမ်းလှမ်းမှုက မက်လောက်စရာပါပဲ။ ကျွန်တော့်ဆီမှာသာ ကြယ်စင်ရှိနေရင် ဦးလေးကို ပြန်အပ်ပါတယ်။ ဒါပေမဲ့ ... ကြယ်စင် ကျွန်တော့်ဆီ တကယ်မလာတာပါ။ ကျွန်တော့်မိဘတွေရဲ့သချိုင်းမှာ ကျွန်တော် သစ္စာဆိုရဲပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကြီးကျယ်လိုက်တာကွာလို့ ဦးကျော်ဇော တွေးလိုက်မိတယ်။ ဘာ ခြစ်ဖြစ် ဒီကောင်ကတော့ မရှိဘူးလို့ တွင်တွင်ငြင်းနေပြီ။ နိုင်မိုးဆီမှာ သမီးရှိမနေဘူးဆိုတဲ့ အတွေးနဲ့တင် သမီးအပေါ် ပိုစိုးရိမ်လာမိတယ်။

သမီးလေး ဘယ်မှာရှိနေမှာလဲ။

ဦးကျော်ဇောမျက်နှာဟာ အိုစာလာတယ်။ သောကပင်လယ် ဝေ ပြီလေ။

နောက်ဆုံးမှာတော့ နိုင်မိုးကိုပဲ စကားကမ်းလှမ်းထားခဲ့ရတယ်။

"နိုင်မိုး ... မင်းဆီကို သမီးလေးများလာရင် ငါ့ဆီအကြောင်း ကြားပါကွာ။ ငါ သိန်းငါးရာပေးပါ့မယ်"

"စိတ်ချပါ ဦးလေး။ ကျွန်တော်လည်း ကြယ်စင့်ကို စိတ်ပူပါ တယ်"

မင်း ပူစရာမလိုပါဘူးလို့ ပြောချင်ပေမယ့် လက်ရှိအနေအထားအရ မပြောဘဲ မျိုသိပ်ထားလိုက်တယ်။

နိုင်မိုးဆီက ပြန်လာတဲ့အချိန်မှာတော့ သမီးပေါ် စိုးရိမ်တဲ့စိတ်တွေ နဲ့ ဆောက်တည်ရာမရသလို ဖြစ်နေပါပြီ။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

အိမ်ပြန်ရောက်တော့လည်း ဦးကျော်ဇောတစ်ယောက် ဘာမှ မလုပ်နိုင်ဘဲ အရုပ်ကြိုးပြတ်သလို ငူငူကြီးထိုင်နေမိတယ်။ ရန်နိုင်တို့ သုံးယောက်လည်း ဦးကျော်ဇောရဲ့မျက်စိအောက်မှာ မလှုပ်ရဲကြဘူး။ ဒီအချိန်က ဆရာအနားမှာ အချိန်ပြည့်ရှိနေဖို့ လိုအပ်တယ်မလား။

"ရန်နိုင်"

ခေါ်သံကြောင့် ရန်နိုင် နားထဲမှာ လျှောင်လှုပ်သွားတယ်။

"ဗျာ . . . ဆရာ"

"ငါ အရက်တစ်ခွက်လောက် သောက်ချင်တယ်ကွာ"

ခါတိုင်းဆိုရင် ဟိုကောင်နှစ်ကောင်ထဲက တစ်ကောင်ကိုပဲ ခိုင်းလိုက်မှာ။ ခုတော့ ဆရာ့အပေါ် ဂရုစိုက်ချင်စိတ်နဲ့ သူကိုယ်တိုင်ပဲ



www.burmeseclassic.com

www.burmeseclassic.com



အရက်ပုလင်း သွားယူလိုက်တယ်။ ပြီး ... ကိုယ်တိုင်ပဲ အရက် စပ်ပေးလိုက်တယ်။

အရက်တစ်ခွက်ဝင်သွားတော့ ဦးကျော်ဇောရဲ့မျက်နှာပေါ်မှာ သွေးရောင် ပြန်လွှမ်းလာတယ်။ မျက်နှာထားကတော့ ဖြိုချထားတဲ့ အုတ်ပုံလို ပြိုပျက်နေတုန်းပဲ။

အဲဒီအချိန်မှာပဲ တိတ်ဆိတ်နေတဲ့ သူတို့ဝန်းကျင်ထဲမှာ ဖုန်းမြည်သံတစ်ခုက ကျယ်ကျယ်လောင်လောင် ထွက်ပေါ်လာတယ်။ စားပွဲပေါ်တင်ထားတဲ့ ဦးကျော်ဇောရဲ့ ဖုန်းက မြည်လာတာပါ။ ဦးကျော်ဇော ဆတ်ခနဲဖြစ်သွားပြီးမှ ရန်နိုင်ကို ဖုန်းကိုင်လိုက်ဆိုတဲ့ပုံစံနဲ့ မေးဆတ်ပြတယ်။ ရန်နိုင် ဖုန်းဖွင့်ကိုင်လိုက်တော့ ...

"ဦးကျော်ဇောလား ... အပေးအယူကိစ္စအတွက် စကားပြောချင်တယ်"

"ဗျာ"

"ဦးကျော်ဇောလားလို့ မေးနေတယ်လေ။ ကြယ်စင်ကျော်ဇောကိစ္စ အပေးအယူလုပ်ချင်လို့"

"ဟာ"

ရန်နိုင် တုန်လှုပ်သွားတယ်။ ချက်ချင်းပဲ ဦးကျော်ဇောဆီ ဖုန်းလှမ်းပေးလိုက်ရင်း ...

"ဆရာ ... ဆရာ ကြယ်စင်နဲ့ပတ်သက်ပြီး အပေးအယူကိစ္စတဲ့"

ဦးကျော်ဇော ဝုန်းခနဲထရပ်ပြီး ဖုန်းကို အမြန်လှမ်းယူလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ပြောပါ ... ကျုပ်က ကျော်ဇောပဲ"

တစ်ဖက်ကအသံ ခဏတုံ့ဆိုင်းနေပြီးမှ လေသံမှန်မှန်နဲ့ ပြောလာတယ်။

"ဦးကျော်ဇော ... ခင်ဗျားသမီးက ကျုပ်တို့ဆီမှာ။ ပြန်လိုချင်ရင် သိန်းနှစ်ထောင်ပေးရမယ်။ ခုနစ်ရက်အတွင်း လိုချင်တယ်။ ခင်ဗျား ပြန် မရွေးဘူးဆိုရင်တော့ ခင်ဗျားသမီးကို တစ်စစီလုပ်ရုံပဲ"

"ဟာ ... ဟေ့ကောင်တွေ ... ငါ့သမီးကို ဘာမှမလုပ်နဲ့နော် မင်းတို့လိုချင်တဲ့ပိုက်ဆံကို ငါပေးမယ်"

"အိုကေ ... အဲဒါဆိုရင် ထပ်ဆက်သွယ်မယ်။ ရဲတိုင်ရင်တော့ ဘာဖြစ်မလဲဆိုတာ ခင်ဗျား သိပါတယ်။ ဒါပဲ"

"ဟာ ... ခဏ"

ကားလိုက်ပေမယ့် တစ်ဖက်က ဖုန်းချသွားပါပြီ။ ခေါ်လာတဲ့ နံပါတ် ကို ချက်ချင်းပြန်ခေါ်ကြည့်လိုက်တယ်။ ဖုန်းပိတ်ထားသည့်တဲ့လေ။ ဖုန်း ကတ်တွေ ဒီလောက်ပေါနေမှတော့ ဒီလိုကောင်မျိုးတွေက တစ်ခါပြော တစ်ကတ်ပဲ သုံးမှာပေါ့။

အခြေအနေ ထူးပြီဆိုတာ သဘောပေါက်လိုက်လို့ ရန်နိုင်တို့ သုံး ယောက် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြတယ်။ ရန်နိုင်က ပဲ သူ့ဆရာကို မျှော်လင့်တကြီး ကြည့်လိုက်ရင်း ...

"ဆရာ ... ဘာတဲ့လဲဗျ"

ဦးကျော်ဇောအသံက လေးလေးပင်ပင်ကြီး ထွက်ကျလာတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ပြန်ပေးဆွဲတာပေါ့ ရန်နိုင်ရာ"

"ဟာ ... ဒုက္ခပါပဲ ဆရာရယ်။ ဒါဆို နိုင်မိုးဆီမှာ မဟုတ်တာ သေချာသွားပြီပေါ့။ ဒါနဲ့ ဘာထပ်ပြောသေးလဲ၊ သူတို့က"

သက်ပြင်းထပ်ချလိုက်ရင်း ဦးကျော်ဇော ထပ်ပြောရပြန်တယ်။

"သိန်းနှစ်ထောင်နဲ့ ရွေးရမယ်တဲ့"

"ဟာ ... များလှချည်လား ဆရာ၊ ကျွန်တော်တို့ ရဲတိုင်ရင် ကောင်းမလား"

ရန်နိုင်စကားကြောင့် ဦးကျော်ဇော ထောင်းခနဲ ဒေါသထွက်သွား တယ်။ ဒေါသနဲ့အတူ လက်ထဲက ဖန်ခွက်ကလည်း ရန်နိုင်အတွက် ဖြစ် သွားလေရဲ့။ ရုတ်တရက် ဝဲပျံလာတဲ့ဖန်ခွက်ကို ရန်နိုင် မရှောင်လိုက်နိုင်ဘူး။ နဖူးကိုလာမှန်လို့ ထူပူသွားရတယ်။ ထပ်ပြီး ဆဲဆိုတာကိုလည်း ခံလိုက် ရသေးရဲ့။

"ရန်နိုင် ... မင်း စောက်ရူးစကားတွေ မပြောနဲ့ကွ။ ရဲတိုင်မယ် ဆိုတာက အနေအထားကြည့်ရသေးတယ်။ တော်ကြာ ... ငါတို့ ရဲတိုင် တာကို ဟိုဘက်က သိသွားမှဖြင့်"

"ဒါဆို ဘယ်လို"

ရန်နိုင် စကားက မဆုံးလိုက်ဘူး၊ ဦးကျော်ဇောက လက်ကာပြ လိုက်တယ်။

"မမေးနဲ့တော့ ရန်နိုင်။ ဘာဆက်လုပ်ရမယ်ဆိုတာကို ငါ စဉ်း စားလိုက်ဦးမယ်။ ခုတော့ ငါတစ်ယောက်တည်း ခဏနေချင်တယ်ကွာ။



www.burmeseclassic.com

www.burmeseclassic.com



မင်းတို့လည်း အပြင်သွားရင် သွားကြ''

စကားဆုံးတော့ သုံးယောက်သား ဦးကျော်ဇော့ရှေ့က ရှိုရှိုလေး ထွက်လာခဲ့လိုက်တယ်။ ခြံထဲလည်းရောက်ရော ရန်နိုင်က တစ်စခန်းထပ် လေရော။

''ရဲတိုင်ဖို့ ပြောမိတာများကွာ၊ ဖန်ခွက်နဲ့ပေါက်ရတယ်လို့။ ပြန် လုပ်ချင်တာ စိတ်ကို မနည်းထိန်းထားရတယ်''

''သည်းခံလိုက်ပါ ကိုရန်နိုင်ရာ။ သူ့မှာလည်း သူ့အပူနဲ့သူ ဖြစ်နေ လို့ပါ''

''ငါ နားလည်တယ် ဟောကောင်။ ကျေးဇူးရှိတာလည်း သိတယ် ဒါပေမဲ့ . . . သူ့စိတ်ရှိတိုင်းလုပ်ရအောင် ငါတို့က ခွေးတွေမဟုတ်ဘူးကွ လူ . . . လူ၊ တော်ပြီကွာ . . . အရက်သွားသောက်မယ်''

ပြောပြီးပြီးချင်းပဲ ရန်နိုင်က ကားတစ်စီးပေါ်တက်ပြီး စက်နှိုး လိုက်ပါတယ်။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

ဘီယာဆိုင်ရောက်တဲ့အထိ ရန်နိုင့်ဒေါသက မပြေသေးဘူး။ ဆက်က ဖိခံလိုက်ရတဲ့သဘောအတိုင်း အောက်ကလူကို ပြန်ဖိချင်နေ ယ်။ ခုလည်း သူ့အောက်က စံထူးနဲ့မောင်စိုးတို့ကို အလိုမကျပြန်ဘူး။

ဆိုင်ရောက်တော့ သူကပဲ မေးတာ။

"ဟေ့ကောင်တွေ မင်းတို့ ဘာသောက်ကြမလဲ"

စံထူးက အရင်ဖြေလိုက်တယ်။

"ဘီယာပဲသောက်မယ်လေ ကိုရန်နိုင်"

"ကျွန်တော်လည်း ဘီယာပဲ"

မောင်စိုးကလည်း အလိုက်သင့်လေး ပြောလိုက်တာပါ။ ဒါ ပဲ ရန်နိုင်က –



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်တွေ ... စောက်ကြောမရှည်နဲ့။ ငါက အရက်ပဲ သောက်မှာ။ မင်းတို့လည်း အရက်သောက်"

"ဟုတ် ... ဟုတ်ကဲ့ပါ ကိုရန်နိုင်"

အဲဒါများ ဘာသောက်မလဲ မေးနေသေးတယ်ဆိုပြီး စံထူးစိတ်ထဲက မကျေမနပ် တွေးလိုက်မိတယ်။ ကိုယ့်ထက်စီနီယာမို့သာ ကြည့်နေတာ။ နှစ်ယောက်စလုံးရဲ့စိတ်ထဲမှာ ရန်နိုင်ကို အမြင်သိပ်ကြည်တာ မဟုတ်ဘူး။ ရန်နိုင်ကလည်း ရန်နိုင်ပဲ။ စီနီယာ, ဂျူနီယာ၊ အစ်ကိုကြီး, ညီလေး အထာနဲ့ မထင်ရင် မထင်သလို သောက်ခွက်ကို ထိုးတာမျိုးရှိသေးတယ်။ ဦးကျော်ဇောကိုယ်တိုင်က အာဏာကုန်ပေးထားတာဆိုတော့ စံထူးတို့လည်း မပြောသာဘူးပေါ့။ ခုလည်း ရန်နိုင်က သူ့စိတ်ကူးနဲ့သူ အရက်နဲ့ သူကြိုက်တဲ့ အမြည်းကို မှာလိုက်တယ်။

ထုံးစံအတိုင်း အရက်ပုလင်းက အရင်ရောက်လာတာပေါ့။ သူတို့ဝိုင်းကို အရက်ပုလင်းလာချပေးတဲ့ ဝိတ်တာက ရှိရှိသေသေလေးပဲ မေးပါတယ်။

"အရက်စပ်ပေးရမလား ခင်ဗျ"

ရန်နိုင်က ဝိတ်တာမျက်နှာကို တစ်ချက်ကြည့်လိုက်ပြီးမှ မေးဆတ်ပြတယ်။ လုပ်လေ ... ဆိုတဲ့သဘောပေါ့။

"ဟုတ်ကဲ့ ... ပြင်းမလား၊ ပျော့မလားမသိဘူး"

"ပြင်းပြင်းပဲ လုပ်ကွာ"

ဝိတ်တာက ခေါင်းညိတ်ပြပြီး အရက်သုံးခွက်စပ်လိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ရန်နိုင်က အိတ်ကပ်ထဲက စီးကရက်ဘူးထုတ်ပြီး တစ်လိပ်မီးညှိလိုက်တယ်။

စပ်ပြီးတဲ့အရက်ခွက်ကို ရန်နိုင်တို့ရဲ့ရှေ့မှာ ချပေးလိုက်ပြီး ဝိတ်တာလေးက လှည့်ထွက်လိုက်တယ်။ ဒါပေမဲ့ . . . ရန်နိုင်က ဝိတ်တာကို လှမ်းတားလိုက်တယ်။

"ဟေ့ကောင် ခဏနေဦး"

ဝိတ်တာ ရန်နိုင် ဘာပြောမလဲဆိုပြီး စောင့်နေပါတယ်။ ရန်နိုင်က ဘာမှမပြောသေးဘဲ ရှေ့မှာချပေးထားတဲ့ အရက်ခွက်ကို ကောက်ယူပြီး မော့ချလိုက်တယ်။

"အား"

မျက်နှာတစ်ခုလုံး ရှုံ့မဲ့လိုက်ရင်း လက်ထဲကခွက်ကို ကြမ်းပြင်ပေါ် စေ့်ပေါက်လိုက်တယ်။ ခွမ်းခနဲပဲ။ တစ်ဆက်တည်းဆိုသလို ဝိတ်တာကို ဒေါသတကြီး လှမ်းပြောလိုက်တယ်။

"ဟေ့ကောင် . . . အရက်ကို လူသောက်လို့ မရအောင်စပ်တာ ဘာသဘောလဲကွ"

ရန်နိုင် ဘလိုင်းကြီးကွိုင်ရှာပြီးဆိုတာ စံထူးနဲ့မောင်စိုးတို့ သိလိုက်ပါတယ်။ လှမ်းတားဖို့ စိတ်ကူးလိုက်ပေမယ့် အဲဒီအချိန်အထိ မရောက်လိုက်ဘူး။

ဝိတ်တာကြောင်တက်တက်ကြည့်နေချိန်မှာပဲ ရန်နိုင်က မတ်တတ်ထပြီး ဝိတ်တာရဲ့လည်ပင်းက အင်္ကျီစကို လှမ်းကိုင်လိုက်ရင်း . . .

"ဟေ့ကောင် . . . ငါမေးနေတယ်လေကွာ။ ဘာသဘောနဲ့

www.burmeseclassic.com



လူသောက်လို့မရအောင် အရက်စပ်ပေးတာလဲလို့''

ဝိတ်တာက လန့်တဲ့ပုံစံနဲ့ ပြန်ဖြေလာတယ်။

''ကျွန်တော်, ကျွန်တော် မစပ်ခင် မေးတယ်လေဗျာ။ ပြင်းပြင်းလေးစပ်ဆိုလို့ ပြင်းပြင်းစပ်ပေးတာပဲလေ''

''ဟေ့ကောင် ... ပြင်းပြင်းဆိုတာက လူသောက်လို့ရတဲ့ ပြင်းပြင်းကို ပြောတာကွ''

အဲဒီအချိန်မှာပဲ သူတို့ဝိုင်းဆီကို လူရွယ်တစ်ယောက် ရောက်လာပါတယ်။ စားပွဲပေါ်မှာ ရှိနေသေးတဲ့ အရက်ခွက်တစ်ခွက်ကို ယူပြီး သောက်လိုက်တယ်။ အဲဒီလူရဲ့လုပ်ရပ်ကြောင့် ရန်နိုင်လည်း မျက်မှောင်ကြုတ်လိုက်မိရင်း ...

''ဟေ့ကောင် ... မင်းကကော ဘာသဘောလဲကွ၊ ဘလိုင်းကြီး''

လူရွယ်က သွေးအေးတဲ့မျက်နှာထားနဲ့ ပြန်ပြောလာတယ်။

''ခင်ဗျားတို့အတွက် စပ်ပေးတဲ့အရက်က လူသောက်လို့ မရအောင် ပြင်းတယ်ဆိုလို့ သောက်ကြည့်တာလေ။ မပြင်းပါဘူးဗျ ... လူဆို သောက်နိုင်ပါတယ်။ ခွေးဆိုတော့ မသိဘူး''

ရန်နိုင် မျက်နှာမဲခနဲဖြစ်သွားတယ်။ ချက်ချင်းပဲ ပေါက်ကွဲသွားတဲ့ပုံစံနဲ့။

''ဟာ ... ဒီကောင် ဘလိုင်းကြီး စော်ကားနေပါလား။ နာချင်ပြီနဲ့တူတယ်''

ပြောရင်းနဲ့ ... ရန်နိုင်က လှစ်ခနဲ လက်သီးတစ်လုံး ပစ်သွင်း



www.burmeseclassic.com

www.burmeseclassic.com



ိုက်တယ်။ ဒါပေမဲ့ . . . ရန်နိုင်လက်သီးဟာ လူရွှယ်ရဲ့မျက်နှာဆီ မရောက် ိုက်ဘူး။ သူ့ထက် လက်မြန်တဲ့လူရွှယ်ရဲ့ လက်သီးကပဲ ရန်နိုင့်မျက်ခွက် ဆီ တည့်တည့်ကြီး ဝင်သွားတယ်။

"ခွပ်!"

အငိုက်မိသွားလို့ ထိုးခံလိုက်ရပေမယ့် ရန်နိုင်ကလည်း ခေသူ ာမဟုတ်ဘူး။ လူရွှယ်ဆီ ချက်ချင်းပြန်ပြီး ခုန်ထိုးလိုက်တယ်။

"ကဲကွာ"

အဖြစ်အပျက်ဟာ သိပ်မကြာလိုက်ပါဘူး။ စံထူးနဲ့မောင်စိုးတို့ ဝင် ဲတာကြောင့်လည်း ရန်ပွဲက ဆိုးသွားပါတယ်။ ရန်နိုင်ဟာ လူရွှယ်ရဲ့ ်ချက်နဲ့ ကြမ်းပြင်ပေါ် ခွေခွေလေး ဖြစ်သွားတယ်။

လူရွှယ်က ရန်နိုင်ကို စီးမိုးကြည့်ရင်း . . .

"ဟေ့လူ . . . ဘလိုင်းကြီ ကွိုင်စရှာတာက ခင်ဗျားနော်။ အား ည်းတဲ့လူတွေအပေါ်မှာ သိပ်ဗိုလ်မကျနဲ့ဗျ။ မတရားတာကို လက်ပိုက် ကြည့်နေတဲ့ ပရိသတ်ထဲမှာ ကျုပ်မပါဘူး နားလည်လား"

ပြောပြီး လူရွှယ်က သူထိုင်ခဲ့တဲ့ဝိုင်းဆီ ပြန်ဖို့လှည့်ထွက်လိုက် ယ်။ အဲဒီအချိန်မှာပဲ . . .

"ညီလေး . . . ခဏကွာ"

လှမ်းခေါ်လိုက်တဲ့အသံကြောင့် လူရွှယ်က ကြည့်လိုက်တယ်။ ျောက်လာတဲ့လူကြီးကိုကြည့်ပြီး စံထူးနဲ့မောင်စိုးတို့လည်း ထရပ်လိုက် ကြရင်း . . .



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ဆရာ ... ဘယ်က ဘယ်လိုရောက်လာတာလဲ"

ဦးကျော်ဇောက စံထူးရဲ့စကားကို ဂရုမစိုက်သလို လဲကျနေတဲ့ ရန်နိုင်ကိုလည်း လှည့်တောင်မကြည့်ပါဘူး။ ရန်နိုင်တို့အိမ်က ထွက်လာ ကတည်းက နောက်ကနေ လိုက်လာခဲ့တာဆိုတော့ အဖြစ်အပျက်ကို အစ အဆုံးနီးပါး မြင်လိုက်ပြီးပြီကိုး။

ဦးကျော်ဇောကပဲ လူရွယ်ကို လက်ကမ်းပေးလိုက်ရင်း ...

"ကိုယ်က ကျော်ဇောပါ။ မင်းနဲ့ ခဏလောက် စကားပြောချင်တယ် ဖြစ်မလား"

လူရွယ်မျက်နှာက တစ်ချက်တွေခနဲ ဖြစ်သွားသေးတယ်။ ပြီး အလိုက်သင့် ပြန်နှုတ်ဆက်လိုက်ပါတယ်။

"ဇော်ထက်ပါ။ ဘာပြောချင်လို့လဲမသိဘူး"

"လာကွာ ... ကိုယ်တို့ ဆိုင်တစ်ဆိုင်ဆိုင်မှာ ပြောင်းထိုင်ကြတာ ပေါ့"

ဦးကျော်ဇောနဲ့ဇော်ထက်တို့ ဆိုင်ထဲကထွက်သွားတော့မှ ရန်နိုင် လည်း ထလာရင်း တက်တစ်ချက်ခေါက်လိုက်ပါတယ်။ စံထူးနဲ့မောင်စိုး ကတော့ မျက်နှာသေလေးတွေ လုပ်ထားကြတယ်။ စိတ်ထဲမှာတော့ ရန်နိုင် အတီးခံလိုက်ရလို့ ကြိတ်ကျေနပ်နေကြတာအမှန်ပဲ။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈–က)

တိတ်ဆိတ်ပြီး လူချမ်းသာ၊ လူ့မလိုင်အနည်းစုသာ ထိုင်ကြပုံရတဲ့ အကောင်းစားအဆင့်မြင့်စားသောက်ဆိုင်တစ်ခုထဲ ရောက်နေပါတယ်။ ဦးကျော်ဇောကိုယ်တိုင်ပဲ သူ့ကားနဲ့ ဇော်ထက်ကို ခေါ်လာခဲ့တာပါ။

ခမ်းနားလွန်းတဲ့ ဆိုင်အပြင်အဆင်ကြောင့် ဇော်ထက် နည်းနည်း သွားပေမယ့် ဟန်မပျက်နေလိုက်တယ်။ ဆိုင်ထဲမှာက လူအချို့ပဲရှိပြီး စားပွဲတစ်လုံးနဲ့တစ်လုံးလည်း တော်တော်လေး အလှမ်းဝေးပါတယ်။

ထောင့်ကျကျစားပွဲတစ်လုံးမှာ ထိုင်လိုက်ကြရင်း ဦးကျော်ဇောကပဲ စားသောက်စရာအချို့နဲ့ အရက်အကောင်းစားတစ်လုံး မှာလိုက်တယ်။

အရက်ပုလင်း လာချပေးတော့မှ ဇော်ထက်ကို မေးတယ်။

"ဇော်ထက် ... မင်း သောက်မှာမလား"



www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားလိုက်ပြီးမှ ဇော်ထက် ပြန်ဖြေလိုက်တယ်။

"ဒီအချိန်ဆိုရင်တော့ ကျွန်တော် အလွန်ဆုံးသောက်ဖြစ်ရင် ဘီယာပဲဗျ။ ဒါပေမဲ့ . . . ခုတော့ ချမယ်"

အဲဒီစကားကြောင့် ဦးကျော်ဇောက ပြုံးလိုက်ရင်း . . .

"ဘာလဲ . . . အရက်အကောင်းစားမို့လို့လား"

ဇော်ထက်က ခေါင်းခါရင်း ပြန်ရယ်ပြလိုက်တယ်။ ပြီး . . . ခ အေးအေးပဲ ပြန်ပြောလိုက်တယ်။

"အရက်တို့၊ ဆေးလိပ်တို့ဆိုတာ လူကို အန္တရာယ်ဖြစ်စေ မကောင်းတဲ့အရာတွေလေဗျာ၊ မကောင်းတဲ့အရာထဲက အကောင်းစား တာကတော့ ရယ်စရာပဲ၊ အရည်အသွေးကို တံဆိပ်နဲ့ ထိန်းချုပ်ထားတ ဆိုရင်တော့ ဒီတံဆိပ်ပဲ သောက်ကြတာပေါ့၊ ကျွန်တော် သောက်မယ် တာက မိတ်ဖြစ်ဆွေဖြစ် တစ်ခွက်လောက်ပါ"

သူ့စကားကို ဦးကျော်ဇော နားလည်လား၊ မလည်လား မသိဘူး။ မလည်လည်း လည်ချင်ယောင်ဆောင်မှာပဲ။ ဦးကျော်ဇော ဝိတ်တာကို အရက်နှစ်ခွက် စပ်ခိုင်းတယ်။ ပြီးမှ စကားစ,လာတယ်။

"ခုနက ဆိုင်ထဲမှာ မင်းနဲ့ဖြစ်တာ ငါ့တပည့်ပဲကွ၊ ရန်နိုင် နောက်နှစ်ကောင်ပါသေးတယ်"

ဇော်ထက်က အရက်ကို လျှာစွက်ရုံလေး သောက်လိုက်ရင်း . .

"အင်း . . . သုံးယောက်တစ်ယောက်ဆိုရင်တော့ ကျ လွယ်မှာမဟုတ်ဘူး၊ မနည်းကြိုးရမှာ"



www.burmeseclassic.com

www.burmeseclassic.com



ဦးကျော်ဇောက လက်ကာပြရင်း ...

"ငါပြောတာ အဲဒီသဘောမဟုတ်ဘူး ဇော်ထက်၊ စောက်သုံးမကျတဲ့ကောင်တွေလို့ ဆိုလိုချင်တာပါ၊ ပြီးတော့ မင်းရဲ့လက်စလက်နကို ငါ သဘောကျလို့"

ဇော်ထက်က ပခုံးအသာတွန့်လိုက်ပြီးမှ ...

"အဲဒါကြောင့် တပည့်မွေးဖို့ ခေါ်လာတာလား အန်ကယ်၊ အဲဒါဆိုရင်တော့ ကျွန်တော် စိတ်မဝင်စားဘူးဗျ၊ ကျွန်တော်က သာမန်လူတစ်ယောက်ပါ၊ မိုက်ကြေးလိုက်ခွဲနေတဲ့ကောင်မျိုး မဟုတ်ပါဘူး"

"ဟာ ... အဲလိုသဘောနဲ့ ခေါ်လာတာမဟုတ်ပါဘူး၊ ခု ငါ့မှာ အခက်အခဲတစ်ခုရှိနေတယ်ကွ၊ အဲဒီအခက်အခဲကို ဖြေရှင်းဖို့က မင်း လောက်လက်ရည်ရှိမှ ဖြစ်မှာမို့ပါ၊ မင်း မနစ်နာစေရပါဘူး"

"ငွေကြေးကို ပြောတာလား အန်ကယ်"

ဦးကျော်ဇော ခေါင်းညိတ်တယ်။

"အမှန်ပဲ၊ ကိစ္စအောင်မြင်ရင် မင်း မမျှော်လင့်ထားတဲ့ ငွေကြေးပမာဏမျိုး ရမယ်၊ လုပ်ရမှာက ဥပဒေနဲ့ မလွတ်ကင်းတဲ့အလုပ် မဟုတ်ပေမယ့် မင်းအတွက်လည်း အန္တရာယ်ရှိနိုင်တယ်။ ဇော်ထက် ... စိတ်ဝင်စားလား"

ဇော်ထက်က ...

"စိတ်ဝင်စားတယ်ဆိုတာတော့ ဝန်ခံပါတယ်၊ ဥပဒေပြင်ပက အလုပ်မဟုတ်ရင် ပြီးတာပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



စကားအဆုံးမှာ ဦးကျော်ဇော က ပြောလာတယ်။

"အဲ . . . ခဏလေးကွ၊ တစ်ခုတော့ ကြိုပြောထားချင်တယ်၊ အဲဒီ အလုပ်က ဥပဒေနဲ့ မလွတ်ကင်းတဲ့အလုပ်မဟုတ်သလို ဥပဒေဘောင် အတွင်းက လုပ်ရမယ့် အလုပ်မျိုးလည်း မဟုတ်ဘူး၊ အဲဒါတော့ သိထား စေချင်တယ်၊ ကဲပါကွာ . . . ပြောနေရင် ကြာပါတယ်၊ မင်းစိတ်ဝင်စားတယ် ဆိုရင် မနက်ဖြန် ငါ့အိမ်ကို လာခဲ့၊ အဲဒီတော့မှ မင်း ဘာလုပ်ရမယ်ဆိုတာ ကို ပြောပြမယ်"

စကားအဆုံးမှာ ဇော်ထက်က သဘောပေါက်စွာ ခေါင်းညိတ်ပြ လိုက်ရင်း . . .

"အိုကေလေ အန်ကယ်၊ စိတ်ဝင်စားတယ်ဆိုရင်တော့ ကျွန်တော် မနက်ဖြန်လာခဲ့ပါ့မယ်၊ လိပ်စာလေးသာ ပေးခဲ့ဗျ"

ဦးကျော်ဇော ကျေနပ်ဟန်နဲ့ ပြုံးလိုက်တယ်။ ပြီး . . . ချိန်းယာ်စ လုပ်ဖို့ အရက်ခွက်ကို မြှောက်လိုက်ပါတယ်။

■



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၉)

"အန်ကယ့်စကားအတိုင်းဆိုရင် အန်ကယ်က ကျွန်တော့်ကို သူမိုက်ငှားတဲ့သဘောပေါ့"

ဦးကျော်ဇောက ဖုန်းနံပါတ်နဲ့လိပ်စာပေးပြီး သူ့အိမ်ကိုလာခဲ့ဖို့ ပြောလို့ ဇော်ထက် ရောက်နေတာပါ။ ခပ်လှမ်းလှမ်း အခန်းထောင့်တစ်နေရာမှာကနေ ရန်နိုင်က မကျေနပ်တဲ့ပုံစံနဲ့ ကြည့်နေတယ်။ အင်းပေါ့လေ ... သူက ခံထားရတာကိုး။ စံထူးနဲ့မောင်စိုးတို့ကတော့ ခပ်တည်တည်ပဲ ခုလည်း ဇော်ထက်က ပြန်မေးလိုက်တော့ ဦးကျော်ဇောက ပြုံးလိုက်တယ်။

"အင်း ... လူမိုက်ငှားတယ်လို့ မင်းသတ်မှတ်ရင်လည်း မငြင်းချင်ပါဘူး ဇော်ထက်။ ခု ငါ့သမီးပြန်ပေးဆွဲခံရတဲ့ကိစ္စအတွက် မင်းကိုငှားချင်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဇော်ထက် မျက်မှောင်ကြုတ်လိုက်တယ်။ တစ်ဆက်တည်း အောင်အောင်ပြောဖူးတဲ့ မင်းလူမိုက်လုပ်စားပါလားဆိုတဲ့စကားကို သွား အမှတ်ရမိတယ်။ ခုတော့ အောင်အောင်ပြောသလို လူမိုက်အလုပ်လုပ် ဖြစ်နေပြီ။

သိချင်တာကို သေချာအောင် ထပ်မေးလိုက်တယ်။

"ထားပါတော့၊ ဒါနဲ့ ကျွန်တော်က ဘယ်လိုပုံစံ လုပ်ပေးရမှာ ရမယ့်အကျိုးအမြတ်ကကော ဘယ်လိုလဲဆိုတာ သိချင်တယ်"

ဦးကျော်ဇောက ခေါင်းညိတ်လိုက်တယ်။

"အိုကေ ... ပြောမယ်လေ။ ငါ့အနေနဲ့ကလည်း ဒီကိစ္စအတွက် ရဲတွေနဲ့မပတ်သက်ချင်လို့ မင်းကို သီးသန့်ငှားတာပဲ။ ခု ပြန်ပေးသ တွေက သိန်းနှစ်ထောင် တောင်းထားတယ်။ ငါ့သမီးကို ပြန်ရွေးဖို့အတွက် ငါ မင်းကို သိန်းနှစ်ထောင် ထည့်ပေးလိုက်မယ်။ မင်းအနေနဲ့ ငါ့သမီး ပြန်ခေါ်လာနိုင်ပြီး ပေးလိုက်တဲ့ သိန်းနှစ်ထောင်ကိုပါ ပြန်ယူလာနိုင် မင်းကို သိန်းငါးရာပေးမယ်"

သိပ်တော့မလွယ်ဘူးလို့ ဇော်ထက် တွေးလိုက်မိတယ်။ ဦးကျော် ဇောက ထပ်ပြောတယ်။

"အဲဒီကောင်တွေကို တစ်ပြားတစ်ချပ်မှ မပေးချင်လို့ကွ။ အ အနေအရ ပေးမှဖြစ်တော့မယ်ဆိုလည်း ပေးရမှာပေါ့။ ခုက အဲဒီပိုက်ဆံ သူတို့ကို မပေးချင်လို့ မင်းကိုငှားတာ။ မင်းဘက်က သွားဖို့အတွက် သလိုပြင်ဆင် ဇော်ထက်။ ငါ ပိုက်ဆံထုတ်ပေးထားမယ်၊ ဘယ်လိုလဲ"



www.burmeseclassic.com

www.burmeseclassic.com



လေပူတစ်ချက်မှုတ်ချရင်း ဇော်ထက်က ဦးကျော်ဇောကို ပြန်ကြည့်လိုက်တယ်။

"အနန်ကယ့်သမီးရော ပိုက်ဆံပါ ပြန်ယူလာဖို့ဆိုတာက သိပ်မလွယ်တဲ့ကိစ္စပဲဗျ။ ဒါပေမဲ့ ... အစီအစဉ်အောင်မြင်ရင် ကျွန်တော်ရမယ့် ငွေပမာဏကလည်း မက်လောက်စရာဆိုတော့ စွန့်စားကြည့်ချင်တယ်၊ အလုပ်ကို လက်ခံတယ်ဗျာ"

လက်ခံစကားကြောင့် ဦးကျော်ဇော ပြုံးလိုက်မိတယ်၊ ဇော်ထက်ရဲ့ လက်စလက်နကိုမြင်ပြီးကတည်းက ဒီအလုပ်နဲ့ အသင့်တော်ဆုံးက ဒီကောင်ပဲလို့ သတ်မှတ်ထားတာ။ ခုလက်ခံလိုက်ပြီဆိုတော့ မိုက်ပြီလေ။ ဒါကြောင့် ... ဇော်ထက်ကို ပြင်ဆင်ဖို့အတွက် ငွေဆယ်သိန်း ထုတ်ပေးလိုက်တယ်။

"မင်းဘက်က ပြင်ဆင်စရာရှိတာ ပြင်ဆင်ထားတော့။ သွားရမယ့်နေရာနဲ့အချိန်ကို သူတို့ဘက်က ပြောတာနဲ့ မင်းကို ဆက်သွယ်လိုက်မယ်"

ဇော်ထက်က ငွေတွေကို လှမ်းယူလိုက်ရင်း -

"အိုကေလေ ... အဲဒါဆိုလည်း ကျွန်တော် ဖုန်းစောင့်နေလိုက်မယ်"

ပြောပြီး ဇော်ထက် လှည့်ထွက်လာခဲ့တယ်။ ရန်နိုင်က လုံးဝအေး မကြေတဲ့အကြည့်နဲ့ လှမ်းကြည့်နေတယ်။ အကြည့်ချင်းဆုံတော့ ဇော်ထက်က မဆိုးမခန့် ပြုံးလိုက်တယ်။ တစ်ဆက်တည်းပဲ ဦးကျော်ဇောဘက်ကို



www.burmeseclassic.com

www.burmeseclassic.com



ပြန်လှည့်လိုက်ပြီး ...

"ဒီလိုအဖြစ်အပျက်တွေမဖြစ်အောင် အန်ကယ့်အနေနဲ့ အစော ကြီးကတည်းက အန်ကယ့်သမီးအတွက် လုံခြုံစိတ်ချရမယ့် သက်တော် စောင့်မျိုး ငှားထားရမှာဗျ။ အဲဒါဆိုရင် ခုလို အလုပ်မရှုပ်၊ သောက မရောက်တော့ဘူးပေါ့"

ဦးကျော်ဇော ဘာမှပြန်မပြောနိုင်ဘဲ အောင့်သက်သက်နဲ့ ခံလိုက် ရတယ်။ ဟုတ်တယ်လေ ... ကိုယ့်လူတွေက စောက်သုံးမှမကျတာကိုး။ ဒါတောင် ဇော်ထက် ပြန်သွားတော့ ရန်နိုင်က ပြောလာသေးတယ်။

"ဆရာရာ ခုကိစ္စကို ကျွန်တော်တို့ ကိုင်တွယ်လို့လည်း ရပါတယ်။ ဘာမှမဆိုင်တဲ့အကောင်ကို သိန်းငါးရာပေးပြီး ခိုင်းရတယ်လို့"

"ဘာကွ"

ဒီတစ်ခါတော့ ဦးကျော်ဇော တော်တော်လေး စိတ်ကုန်သွားပါ တယ်။ ရန်နိုင်တို့အပေါ်မှာလည်း သည်းခံနိုင်စွမ်းမရှိတော့ဘူး။ ဒေါသထွက် နေလို့လည်း အပိုပဲလို့ တွေးလိုက်ပြီး ခပ်ပြတ်ပြတ်ပဲ ပြောလိုက်ပါတယ်။

"ရန်နိုင် ... မင်းတို့သုံးယောက်စလုံး အထုပ်ပြင်ပြီး ငါ့အိမ်ပေါ် ကနေ ဆင်းတော့။ ဘာဆင်ခြေမှ ငါ နားမထောင်ချင်တော့ဘူး"

ပြန်ပြောဖို့ စဉ်းစားလိုက်ပေမယ့် မပြောတော့ဘဲ အံကြိတ်ရင်း ရန်နိုင် ထထွက်လာခဲ့တယ်။ စံထူးနဲ့မောင်စိုးတို့လည်း ရန်နိုင်နောက်က လိုက်လာခဲ့ကြတယ်။ ရန်နိုင်ကြောင့် သူတို့ပါ အလုပ်ပြုတ်ရပေမယ့် ရန်နိုင် အပေါ် သူတို့ သိပ်စိတ်ဆိုးမိဘူး။



www.burmeseclassic.com

www.burmeseclassic.com



ငါးစိမ်းမြင် ငါးကင်ပစ်သလို ဆက်ဆံလိုက်တဲ့ ဦးကျော်ဇော်ကိုပဲ အမုန်းကြီး မုန်းသွားမိတယ်။

ခြံအပြင်ရောက်တော့ ရန်နိုင်က ခေါင်းဆောင်ပီပီ အားပေးစကား ပြောလိုက်ပါတယ်။

"မင်းတို့နစ်ကောင် ဘာမှအားမငယ်နဲ့။ ငါတစ်ယောက်လုံး ရှိပါသေးတယ်။ မင်းတို့ အဆင်ပြေအောင် ငါ စီစဉ်ပေးပါ့မယ်"

ဒီတစ်ခါတော့ စံထူးတို့လည်း ရန်နိုင်ကိုပဲ အားကိုးတကြီး ခေါင်းညိတ်ပြလိုက်မိပါတယ်။ သူတို့တဝတွေက သောင်ပြင်မှာ လမ်းပျောက်သွားတဲ့ ခွေးတွေလို ဖြစ်နေပြီလေ။

အားကိုးဖို့ရာ ရန်နိုင်ပဲ ရှိတော့တယ်။

အဲဒီလိုနဲ့။

■

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၀)

သိန်းနှစ်ထောင်နဲ့ ကြယ်စင်ကို ပြန်ရွေးဖို့အတွက် ပြန်ပေးသမား တွေဘက်က အချိန်၊ နာရီ၊ နေ့ရက် အတိအကျ ချိန်းဆိုလာတယ်။ ထူး ခြားတဲ့စည်းကမ်းချက်တစ်ချက်က ပါသေးတယ်။ အဲဒါက ကြယ်စင့်ကို လာပြန်ရွေးမယ့်သူဟာ ဦးကျော်ဇောနဲ့တပည့်တွေ လုံးဝမဖြစ်ရဘူး။ လူစိမ်း ကိုသာ လွှတ်ရမယ်ဆိုတဲ့အချက်ပဲ။ ဘာဖြစ်လို့လဲတော့ မသိဘူး။

ဘာပဲဖြစ်ဖြစ် အဲဒီအချက်ကိုတော့ ဦးကျော်ဇောလည်း သဘော တူလိုက်တယ်။ တကယ်တမ်း သွားဖို့ကလည်း လူစိမ်းဖြစ်တဲ့ ဇော်ထက်ကို ရွေးချယ်ထားပြီကိုး။

ဇော်ထက်ကလည်း နပ်တယ်။ ပြန်ပေးသမားနဲ့ ချိန်းထားတဲ့နေ့ မရောက်ခင်အထိ ကြယ်စင်ရဲ့ရည်းစား နိုင်မိုးကို သွားစောင့်ကြည့်သေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



နိုင်မိုးကို ကြယ်စင်နဲ့တွဲပြီး အပြင်မှာမြင်ဖူးထားတာကိုး။ နိုင်မိုးကတော့ အဲ့ထက်ကို မသိဘူး။

သွားစောင့်ကြည့်ပေမယ့် သိပ်တော့လည်း မထူးခြားပါဘူး။ နိုင်မိုး ဟာ သူ့တိုက်ခန်းမှာပဲရှိနေတယ်။ မသက်ာစရာလည်း မတွေ့ရဘူး။ သွားမြဲ အမြဲပဲ။ မိန်းကလေးအချို့ကိုတောင် သူ့အခန်းဆီ ခေါ်ခေါ်လာတာ တွေ့မိ သေးတယ်။ ဒီလဒပုံစံကြည့်ရတာ အတော်ဆော်ကြည့်ပုံပဲ။ ပြီးတော့ မူးယစ် ဆေးလည်း သုံးပုံရတယ်။

နိုင်မိုးရဲ့ပုံစံက ကြယ်စင် ပြန်ပေးဆွဲခံရတဲ့ကိစ္စနဲ့ ပတ်သက်ပြီး သက်ာစရာလည်း မတွေ့တာကိုး။ ဒီတော့လည်း ကိုယ်လုပ်ရမယ့် အလုပ် ကိုလည်း အောင်မြင်အောင်လုပ်ဖို့ အားမွေးထားလိုက်တယ်။

ဝန်ခံရရင် တာဝန်ကြီးတာတော့အမှန်ပဲ။

■

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၁)

ဘဝဟာ နေ့ချင်းညချင်းဆိုသလို ပြောင်းလဲခဲ့ပြီ၊ လွန်ခဲ့တဲ့ငါးရက် လောက်အထိကတော့ ကြိုက်တဲ့ဆိုင်ဝင်ထိုင်၊ ကြိုက်တဲ့အရက်ကို သောက် အေးဆေးပဲ။ ကိုယ့်နောက်မှာ ဘောစိရှိတာကိုး။ ခုတော့ ဘောစိကလည်း ကန်ထုတ်လိုက်ပြီ၊ လူတွေလည်း သူ့ဌေးအိမ်ကနေ လမ်းဘေးရောက်နေပြီ ခုတောင် မထင်မရှားအရက်ဆိုင်မှာ ပြည်တွင်းဖြစ်ဝီစကီကို မနည်းနပ်မှ အောင် သောက်နေရတယ်။

သောက်နေရင်း ရီဝေဝေဖြစ်လာတဲ့ စံထူးဆီက မကျေနပ်တဲ့ ခံစား ချက်တွေ ထွက်ကျလာတယ်။

"ငါတို့ထက် ပိုတော်လို့ ပိုလက်ကောင်းတယ်လို့ တခြားကောင်
ခိုင်းချင်ခိုင်းပေါ့ကွာ။ တစ်ဘဝလုံး သူ့အပေါ် အလုပ်အကျွေးပြုလာ



www.burmeseclassic.com

www.burmeseclassic.com



ဒါတို့ကို ကန်ထုတ်တာတော့ ဘောစိ လွန်လွန်းတယ်"

မောင်စိုးကလည်း မူးကြောင် ရူးကြောင်နဲ့ ထောက်ခံတယ်။

"အေးကွာ ... သူမွေးထားတဲ့ ခွေးတွေလို သူ့အပေါ် သစ္စာရှိခဲ့တာတောင် မျက်နှာမထောက်ဘူး"

စကားအဆုံးမှာပဲ ရန်နိုင်ရဲ့ တက်ခေါက်သံဟာ ပြင်းပြင်းထန်ထန်ထွက်ပေါ်လာတယ်။

"ဟော့ကောင် မောင်စိုး ... ကိုယ့်ကိုယ်ကိုယ် ခွေးနဲ့မနှိုင်းနဲ့ကွ။ အေး .. ခွေးဖြစ်ခဲ့တယ်ဆိုရင်လည်း သခင့်အပေါ်ကို သစ္စာရှိသင့်သလောက်ရှိခဲ့ပြီးပြီ။ ပေးလည်း ပေးဆပ်ခဲ့ပြီးပြီ။ ခုလို ငါတို့အပေါ်မှာ မစာနာဘဲကန် ထုတ်ပစ်လိုက်တဲ့အချိန်မှာ လုပ်စရာတစ်ခုပဲရှိတော့တယ်"

အဲဒီစကားကြောင့် စံထူးနဲ့မောင်စိုးက ဆတ်ခနဲ ကြည့်လာတယ်။ စံထူးက အရင် –

"ကျွန်တော်တို့ ဘာလုပ်ကြမှာလဲ ကိုရန်နိုင်"

ရန်နိုင်က စဉ်းစားထားပြီးသား၊ ဆုံးဖြတ်ထားပြီးသားပုံစံနဲ့ ပြောတယ်။ သူပြောလိုက်တဲ့ပုံစံက ဒဏ်ရာတွေနဲ့ နာကျင်နေတဲ့ ကျားနားတစ်ကောင် ကျုံးဝါးသလိုမျိုး။ ဒါမှမဟုတ် ကန်ထုတ်ခံလိုက်ရတဲ့ ခွေးတစ်ကောင်ရဲ့ စူးစူးဝါးဝါး နာကျင်မှုမျိုးနဲ့တောင် တူနေပါသေးတယ်။

"သူပြုခဲ့ဖူးတဲ့ ကျေးဇူးတွေကို ပြန်ဆပ်တဲ့အနေနဲ့ ကျေးဇူးကန်းကြရုံပေါ့ကွာ"။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

ဒီလိုနဲ့ ...

ပြန်ပေးသမားတွေနဲ့ ချိန်းထားတဲ့နေ့ကိုရောက်လာခဲ့ပြီ။ ချိန်းထားတဲ့နေရာက တော်တော်လေး မြို့စွန်ကျတယ်။ မြို့စွန်ရပ်ကွက်တစ်ခုကနေ လယ်ကွင်းတစ်ခုစာ လွင်ပြင်ကို ဖြတ်ပြီးသွားရမှာ။ ဟိုဘက်ရောက်ရင်တော့ စက်ရုံအဟောင်းတစ်လုံးရှိတယ်လို့ ပြောတယ်။ အဲ့နေရာမှာ ညနေပိုင်းချိန်းထားတာ။

ချိန်းထားတဲ့အချိန်ထက် တစ်နာရီလောက်ကြိုရောက်အောင် ဇော်ထက် ခပ်စောစော ကြိုထွက်လာခဲ့တယ်။ အားလုံးပြင်ဆင်ပြီး ထွက်လာခဲ့ပေမယ့် ဘာကြောင့်မှန်းမသိဘူး။ စိတ်ထဲမှာ နည်းနည်းလေးနေရတယ်။ မမြင်ရတဲ့အရာတစ်ခုကို ကြောက်နေသလိုမျိုးပေါ့။



www.burmeseclassic.com

www.burmeseclassic.com



မြို့စွန်ကိုရောက်တော့ စီစဉ်ထားတဲ့ ဆိုင်ကယ်နဲ့ တောလမ်းဆန်ဆန် လမ်းကိုဖြတ်မောင်းလာခဲ့တယ်။ လမ်းကလေးကလည်း လူသူရှင်းလင်းနေတာမို့ ဆိုင်ကယ်ကို အရှိန်ထပ်တင်လိုက်တယ်။

အဲဒီမှာပဲ –

ရုတ်တရက် ဖြတ်တားလိုက်တဲ့ ကြိုးတစ်ချောင်းဟာ မျက်နှာချင်းဆိုင်ကနေ ဘွားခနဲပေါ်လာတယ်။ လမ်းပေါ်မှာ အလိုက်သင့် ချထားပြီးမှ ဆိုင်ကယ်အလာမှာ ဆွဲတင်ပြီး တားလိုက်တာမျိုးပေါ့။ ရုတ်တရက်ဆိုတော့ ဇော်ထက်လည်း မရှောင်လိုက်နိုင်ဘူး။

ကြိုးနဲ့ဝင်တိုက်မိလို့ ဆိုင်ကယ်ပေါ်ကနေ လွင့်ကျသွားတယ်။ ဆိုင်ကယ်တခြား၊ လူတခြား ဖြစ်နေချိန်မှာပဲ ...

"ရိုက်ကွာ အမြန်လုပ်"

လမ်းတစ်ဖက်တစ်ချက်စီကနေ လူသုံးယောက် ဘွားခနဲပေါ်လာပြီး အသင့်ကိုင်ထားတဲ့ တုတ်တွေနဲ့ ဇော်ထက်ကို ဝိုင်းတီးကြတော့တယ်။ ဆိုင်ကယ်ပေါ်က ပြုတ်ကျပြီး ဟန်ချက်ပျက်နေတဲ့အချိန်ဆိုတော့ ဘယ်လိုမှ ခုခံနိုင်ဘူး။ နာကျင်မှုးဝေပြီး လမ်းပေါ်လဲကျသွားတယ်။

အားယူပြီးကြည့်လိုက်တော့ သူ့ဆီက ကျောပိုးအိတ်ကို ဆွဲယူနေတဲ့ ရန်နိုင်ကို တွေ့လိုက်ရတယ်။ ရန်နိုင် ယုတ်မာပြီ။

ရန်နိုင်က ကျောပိုးအိတ်ထဲက ငွေထုပ်တွေကို ထုတ်ယူပြီး ဇော်ထက်ဆီ ကျောပိုးအိတ် လှမ်းပစ်ပေးရင်း ...

"ဗုံလုံတစ်လှည့် ငါးပြန်တစ်လှည့်ပေါ့ကွ။ ကွိုင်အကြီးကြီးကို



www.burmeseclassic.com

www.burmeseclassic.com



ရှင်းလိုက်ဦး ဟေ့ကောင်''

ရန်နိုင်တို့ ငွေတွေအကုန်ယူပြီး ထွက်သွားကြပြီ။ မူးဝေနေတဲ့အရှိန်နဲ့ ဇော်ထက် ဘာမှပြန်မလုပ်နိုင်းလိုက်ဘူး။ လဲကျနေရာကနေ စိတ်ရောလူပါ အားတင်းပြီး ထရပ်လိုက်တယ်။ ဘယ်လိုပုံစံနဲ့ဖြစ်ဖြစ် ပြန်ပေးသမားတွေဆီသွားရမှာပဲ။ အဲဒီလိုမှမသွားရင် ကြယ်စင် ဒုက္ခရောက်သွားလိမ့်မယ်။

နောက်ထပ် ဆယ်မိနစ်လောက်ကြာတဲ့အချိန်မှာတော့ ကျောပိုးအိတ်ထဲကို သစ်ရွက်ခြောက်တွေ ခပ်တည်တည်ထည့်ပြီး ဆိုင်ကယ်စီးတဲ့ခရီးပြန်ဆက်နေပါပြီ။

■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

ပြန်ပေးသမားတွေဆိုပေမယ့် တကယ်တမ်းကျတော့ လက်ပြန်ကြိုးတုပ်ခံထားရတဲ့ ကြယ်စင်ရဲ့နောက်မှာ နှစ်ယောက်ပဲတွေ့တာ။ ကြည့်ရတာ မိုက်တိမိုက်ကန်းပုံစံတွေဖြစ်ပေမယ့် ဘော်ဒီအနေအထားအရ သိပ်မှုရာတော့ မလိုဘူး။

ဇော်ထက်က ကျောပိုးအိတ်ကို ချွတ်လိုက်ရင်း ...

"ဒီမှာ ငွေပါတယ်။ သူ့ကို ဒီဘက်ကိုလွှတ်လိုက်တော့"

ပြန်ပေးသမားတစ်ကောင် ရယ်တယ်။ ပြီးမှ –

"အဲလောက် လွယ်မလားကွ၊ မင်းဆီက ပိုက်ဆံရမှ လွှတ်ပေးဦးမှာ"

ဇော်ထက်က ခေါင်းခါလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"မရဘူး ကိုယ့်လူ၊ ပေးရမယ့်ငွေကလည်း နည်းတာမဟုတ်ဘူးလေ။ ငွေယူပြီး မင်းတို့ မလိမ့်တပတ်လုပ်ရင် ဘယ်လိုလုပ်မလဲ"

"လျှာရှည်လိုက်တာကွာ၊ မင်းက ဘယ်လိုဖြစ်ချင်လို့လဲ"

တစ်ချက်စဉ်းစားလိုက်ပြီးမှ ဇော်ထက်က –

"မင်းတို့ ကြယ်စင့်ကို ဒီဘက်လွှတ်လိုက်။ ခြေလှမ်းသုံးလှမ်းလှမ်းပြီးတာနဲ့ ငါ ငွေအိတ်ကို ပစ်ပေးလိုက်မယ်"

"ပြီးရောကွာ"

ပြန်ပေးသမားတွေက သဘောကောင်းနေတယ်။ ငွေရချင်ဇောနဲ့ပြီးစလွယ် ဆန်လွန်းနေတယ်လို့တောင် ဇော်ထက် ထင်မိတယ်။

"နင် သွားလိုက်တော့၊ ဟော့ကောင် လာပြီနော်၊ ကျောပိုးအိတ်ပေး"

ကြယ်စင်က တစ်လှမ်းချင်း လှမ်းလာတယ်။ လမ်းတစ်ဝက်ရောက်တာနဲ့ ဇော်ထက်က ကျောပိုးအိတ်ကို လှမ်းပစ်ပေးလိုက်တယ်။ ကျောပိုးအိတ်တင် မဟုတ်ဘူး၊ လူကိုယ်တိုင်ပါ ဝါးလုံးထိုးပြေးသွားလိုက်တာ။

ကျောပိုးအိတ်က ဖမ်းယူပြီး ဖွင့်ကြည့်နေတဲ့ သကောင့်သားနှစ်ကောင်ဟာ အငိုက်မိသွားတယ်။

ဇော်ထက်ရဲ့ပြင်းထန်အားပါတဲ့ လက်သီးတွဲလုံးတွေအောက်မှာခွေခနဲ,ခွေခနဲ လဲကျသွားကြတယ်။

နှစ်ကောင်စလုံး လဲကျပြီး ထူပူနေချိန်မှာပဲ ဇော်ထက်ကကြယ်စင့်လက်ကိုဆွဲပြီး ဆိုင်ကယ်ဆီ ပြေးသွားလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ထင်တဲ့အတိုင်းပဲ။ ပြန်ပေးသမားနှစ်ကောင် လူးလဲထပြီး ဓားကိုယ်စီကိုင်လို့ ပြေးလိုက်လာကြတယ်။ ဒါပေမဲ့ . . . ဖော်ထက်တို့ နှစ်ယောက်က ဆိုင်ကယ်ပေါ်ရောက်နေပါပြီ။ သေသေချာချာပြင်ဆင်စစ်ဆေးထားတဲ့ ဆိုင်ကယ်က အထစ်အငေါ့မရှိ ပြေးထွက်သွားတယ်။

ပြန်ပေးသမားတွေရဲ့လက်က ကြယ်စင် လွတ်မြောက်ခဲ့ပါပြီ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

ညဟာ မှောင်စပြုနေပြီ။ ကောင်းကင်ဟာ ဆည်းဆာတိမ်တွေကို နောက်တစ်နေ့အတွက် သိမ်းထုတ်လိုက်ပြီး အမှောင်ကွန်ရက်ကို ဖြန့်ကျက်လိုက်တယ်။ အမှောင်ရနံ့တွေကြားထဲ လေပြည်ဟာလည်း အလိုက်သင့် မျောပါနေကြတယ်။

မြို့စွန်၊ ဆင်ခြေဖုံးရပ်ကွက်ထဲမှာရှိတဲ့ အိမ်တစ်လုံးရှေ့ ဆိုင်ကယ်ရပ်လိုက်တော့ ကြယ်စင်က မေးလာတယ်။ သူ့မရဲ့လေသံမှာ တုန်လှုပ်မှုလေးတွေ ပါနေတုန်းပဲ။

"ဒါ ... ဒါက ဘယ်နေရာလဲ ဟင်။ ကြယ်စင့်ကို အိမ်ပြန်ပို့မပေးဘူးလား"

ဇော်ထက် ဆိုင်ကယ်ပေါ်ကနေ ဆင်းလိုက်တယ်။ ပြီး ...


www.burmeseclassic.com

www.burmeseclassic.com



ကြယ်စင်ကို စေ့စေ့ကြည့်ရင်း ...

"အချိန်တန်ရင်တော့ မင်းအိမ်ပြန်ရမှာပါ။ ဒါပေမဲ့ ... ခုတော့ အချိန်မကျသေးဘူး ကြယ်စင်။ အိမ်ထဲကို လာပါ၊ မင်း မုန့်တစ်ပေါက် စွန်းစေရပါဘူး"

ကြယ်စင် ဘာမှပြန်မပြောသေးဘဲ ပတ်ဝန်းကျင်ကို အရင် အကဲခတ်လိုက်တယ်။ လူသံကင်းမဲ့နေပြီး အမှောင်ထုကြီးစိုးနေတဲ့ ပတ်ဝန်းကျင်က သူမကို ကြောက်လန့်စေတယ်။ အမှောင်ထဲမှာဆိုရင် သူမအတွက် အန္တရာယ်ပိုရှိနိုင်တယ်လို့ တွေးလိုက်မိတယ်။

"ခုက ဘယ်နေရာလဲဟင်၊ ကြယ်စင်တို့ ဘယ်နေရာရောက်နေတာလဲ"

ဆိုင်ကယ်ကို ခြံဝင်းထဲတွန်းထည့်နေရင်းကနေ ဇော်ထက် လှည့်ပြီး ပြောလိုက်တယ်။

"မင်္ဂလာဒုံမြို့နယ်ထဲက တစ်နေရာလို့ပဲ ပြောလို့ရမယ်။ လိပ်စာကို အတိကျကျပြောရင်လည်း မင်းသိမှာမဟုတ်ဘူး"

အမှောင်ထဲကနေ ကြယ်စင် မျက်စောင်းထိုးလိုက်မိတယ်။ လမ်းပေါ်မှာ တစ်ယောက်တည်း ကျန်နေခဲ့ရတာ ကျောချမ်းလာလို့ ဇော်ထက်နောက်ကို ပြေးလိုက်သွားမိတယ်။

အိမ်ထဲရောက်တော့ ဒီအိမ်မှာ လူမရှိတဲ့အနေအထားကို ရိပ်စားမိလိုက်တယ်။ မေးမလို့ စဉ်းစားလိုက်ပြီးမှ တခြားသိချင်တာကို အရင်မေးဖြစ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ ရှင်က"

"ငါက ဇော်ထက်ပါ၊ မင်းအဖေက မင်းကို လာရွေးခိုင်းတဲ့ ကြေးစားပဲဆိုပါတော့"

ကြယ်စင်က အိမ်ဧည့်ခန်းထဲက ဆက်တီခုံတစ်ခုံမှာ ဝင်ထိုင်လိုက်ရင်း . . .

"ဒီအိမ်မှာ လူရှိပုံမရဘူးနော် ကိုဇော်ထက်"

မျက်နှာတစ်ဖက်လှည့်နေရင်းက ဇော်ထက် ပြုံးလိုက်မိတယ်။

"ဟုတ်တယ် ကြယ်စင်၊ ဒီအိမ်ကလူတွေက တစ်နေ့ကမှ ခရီးထွက်သွားကြတာ။ ဒါနဲ့ ဒီအိမ်မှာ မင်းတစ်ယောက်တည်း အိပ်ရဲလား၊ အိပ်ရဲတယ်ဆိုရင် ငါ အပြင်မှာ သွားအိပ်မလို့"

တစ်ယောက်တည်းဆိုတဲ့စကားကြောင့် ကြယ်စင် ကြက်သီးမွှေးထသွားမိတယ်။ ချက်ချင်းပဲ ခပ်သွက်သွက်ခေါင်းခါလိုက်ရင်း . . .

"အာ . . . ဘယ်လိုလုပ် အိပ်ရဲမှာလဲ၊ ကြောက်စရာကြီး"

ဒုတိယမ္ပိ ပြုံးလိုက်ရင်း ဇော်ထက်က . . .

"အဲဆိုလည်း မင်း အိပ်ခန်းထဲမှာ အိပ်လေ၊ ငါ ဒီဧည့်ခန်းမှာ အိပ်လိုက်မယ်။ အိပ်ခန်းတံခါးက လော့ချ်ပါတယ်၊ ဟုတ်ပြီလား"

ကြယ်စင် စိတ်ချလက်ချ အိပ်လို့ရအောင် ပြောလိုက်တာပါ။ စကားပြောနေရင်းကနေ ဗိုက်ထဲက ဆာတာတာဖြစ်လာလို့ ကြယ်စင်က မေးလိုက်ပြန်တယ်။

"ဗိုက်ဆာလိုက်တာ၊ စားစရာ ဘာရှိလဲမသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဇော်ထက်က ...

"စားဖို့ သောက်ဖို့ကတော့ စီစဉ်မှရမယ်ကွ။ ဘာဖြစ်လို့လဲဆို တော့ ဒီအိမ်ကို အစီစဉ်မရှိဘဲ ရောက်လာတာလေ"

"ဘယ်လို အစီအစဉ်မရှိဘဲ ဟုတ်လား၊ အဲဒါဆို"

ဇော်ထက်က လက်ကာပြလိုက်တယ်။ ကြယ်စင် စကားရပ်သွား တော့မှ -

"ခဏလေး ကြယ်စင်၊ ငါ စားဖို့သောက်ဖို့ စီစဉ်လိုက်ဦးမယ်။ ပြီးတော့မှ စားရင်းသောက်ရင်း မင်းသိချင်တာကို ပြောပြမယ်လေ။ အိုကေ လား"

ကြယ်စင် ခေါင်းညိတ်ပြလိုက်တော့ ဇော်ထက်က ထိုင်နေရာက နေထပြီး အိမ်အပြင်ထွက်သွားတယ်။ ရုတ်တရက် ကြောင်နေပြီးမှ ဇော် ထက်နောက်ကို ပြေးလိုက်ရင်း ...

"ဒါနဲ့ ရှင်က ဘယ်သွားဦးမလို့လဲ"

ဇော်ထက်က လှည့်ပြန်ကြည့်ပြီး -

"လောလောဆယ် ငါတို့ ဗိုက်ဖြည့်ဖို့ လိုတယ်လေ။ ခဏပဲစောင့်"

"မြန်မြန်ပြန်လာနော်"

"အေးပါ"

ဇော်ထက် ဆိုင်ကယ်နဲ့ထွက်သွားတော့မှ ကြယ်စင်လည်း အိမ်ထဲ ပြန်ဝင်ပြီး ထိုင်နေလိုက်တယ်။ ဇော်ထက်ကို ဖေဖေ ဘယ်လိုပုံစံမျိုးနဲ့ ပြောသွားလဲတော့မသိဘူး။ ဘယ်လိုပဲဖြစ်ဖြစ် အခြေအနေအရ မီးစင်ကြည့်က



www.burmeseclassic.com

www.burmeseclassic.com



ရမှာပဲလို့ ကြယ်စင် တွေးမိတယ်။ ခုချိန်မှာ အရေးကြီးဆုံးက လုံခြုံဖို့ပဲလေ။

မိနစ်နှစ်ဆယ်လောက်တော့ ကြာမယ်ထင်တယ်။ ဇော်ထက် ခေါက်ဆွဲပြုတ်နှစ်ထုပ် ပါဆယ်ဆွဲပြီး ပြန်ရောက်လာတယ်။ သူကိုယ်တိုင်ပဲ ထမင်းစားခန်းထဲက ပန်းကန်ယူပြီး ကြယ်စင့်အတွက် ပြင်ပေးတယ်။

ခေါက်ဆွဲပြုတ်စားရင်း ကြယ်စင်က သိချင်တာတွေ ထပ်မေး လိုက်တယ်။

"ဒါနဲ့ ရှင့်ကို ဖေဖေက ဘယ်လိုခိုင်းထားတာလဲ။ ကြယ်စင့်ကိုရော ဘာဖြစ်လို့ အိမ်ပြန်မပို့ပေးသေးတာလဲ"

စားနေတာကိုရပ်ပြီး ဇော်ထက် သက်ပြင်းချလိုက်မိတယ်။

ပြီးမှ ...

"ဒီလိုကွာ ... မင်းအဖေက ငါ့ကို သိန်းနှစ်ထောင်ပေးလိုက်တယ်။ အဲဒီပိုက်ဆံတွေ တစ်ပြားမှမလျော့ဘဲ မင်းကို ပြန်ခေါ်လာနိုင်တယ်ဆိုရင် ငါ့ကို သိန်းငါးရာ ပေးမယ်တဲ့"

ကြယ်စင် အံ့ဩသွားရတယ်။

"ဟင် ... အဲဒါဆို ရှင်က ပိုက်ဆံတွေ ထည့်ထားတဲ့ ကျောပိုး အိတ်ကို ဟိုလူတွေဆီ ပေးခဲ့တယ်မလား"

"အိတ်ထဲမှာ ဘာငွေမှမပါဘူး"

"ရှင်"

ကြယ်စင် မျက်နှာပျက်သွားတယ်။

ဇော်ထက်ကပဲ ...



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီပိုက်ဆံတွေက မင်းဆီလာတဲ့လမ်းမှာ ရိုက်လုခံရတာ။ လုသွားတာကတော့ မင်းအဖေရဲ့တပည့်တွေဖြစ်တဲ့ ရန်နိုင်တို့အုပ်စု"

"ရှင်"

တရှင်ရှင်ရေရွတ်ရင်း ကြွယ်စင် မျက်စိလည်လာတယ်။ ဘာတွေလဲ။

ဇော်ထက်ကပဲ ခပ်အေးအေး ထပ်ပြောတယ်။

"ငါ ဒီနေ့ပဲဖြစ်ဖြစ်၊ မနက်ဖြန်ပဲဖြစ်ဖြစ် မင်းကို အိမ်ပြန်ပို့ပေးလို့ရတယ်။ ဒါပေမဲ့ ပြန်မပို့ချင်သေးဘူး"

"ဘာဖြစ်လို့လဲ ကိုဇော်ထက်။ ရှင်က ထပ်ပြီး ကြွယ်စင့်ကို"

လက်ကာပြရင်း ဇော်ထက်က . . .

"မင်းထင်သလို မဟုတ်ဘူးကွ။ မင်းကိုသွားပို့လိုက်ရင် မင်းအဖေထည့်ပေးလိုက်တဲ့ သိန်းနှစ်ထောင်ကိစ္စကို ဘယ်လိုရှင်းမလဲ။ ငါလည်း ပြန်စိုက်မပေးနိုင်ဘူး။ မပေးနိုင်တဲ့အပြင် ငါရမယ့် သိန်းငါးရာလည်း ပလုံ ကွာလေ"

"အဲဒီတော့ ရှင်က"

"ရှင်းပါတယ်၊ ရန်နိုင်တို့ အချောင်နှိုက်သွားတဲ့ ပိုက်ဆံကို ငါ အအောင်ပြန်ယူရမယ်။ အဲဒါမှလည်း ငါ့အတွက် ရသင့်ရထိုက်တဲ့ ပိုက်ဆံကို ရမှာပေါ့"

စကားအဆုံးမှာ ကြွယ်စင် စဉ်းစားလိုက်ပြီး –

"ဟင် . . . အဲဒါဆို ကြွယ်စင်က"



www.burmeseclassic.com

www.burmeseclassic.com



အဓိပ္ပာယ်ပါပါကြည့်လာပြီး ဇော်ထက် ခေါင်းညိတ်ပြလိုက်တယ်။

"ဟုတ်တယ် ကြယ်စင်၊ အဲဒီပိုက်ဆံတွေ ငါ့လက်ထဲ ပြန်ရောက်ဖို့က မြန်ချင်လည်း မြန်မယ်၊ ကြာချင်လည်း ကြာမှာ။ အဲဒီကာလအတွင်းတော့ မင်းကို ငါ ထိန်းသိမ်းထားရလိမ့်မယ်"

ကြယ်စင် မျက်လုံးပြူးသွားရတယ်။

"ရှင် ... အဲဒါဆို ရှင်က ကြယ်စင်ကို ဖမ်းထားမယ့်သဘောလား"

"မင်း ထွက်မပြေးဘူးလို့ ကတိပေးရင် ငါ ချုပ်ထားစရာ မလိုလောက်ဘူး ထင်တယ်"

ကြယ်စင် မျက်နှာလေးက တင်းမာသွားတယ်။ ဇော်ထက်ကိုလည်း စူးစူးရဲရဲကြည့်လိုက်ပြီး ...

"အဲလိုဆိုတော့ ကြယ်စင့်ဘဝက ဘာထူးမှာလဲ။ ခုထိမှ မလွတ်လပ်တာ"

"မလွတ်လပ်ဘူး ထင်ရပေမယ့် လုံခြုံတယ်လေ။ မင်း မဲ့တော် ပေါက်မစွန်းစေရဘူးလို့လည်း ငါ ကတိပေးတယ်"

ကြယ်စင် ဘာမှထပ်မပြောတော့ဘဲ မျက်နှာကိုတင်းထားလိုက်တယ်။ အဲဒီအချိန်မှာပဲ ဖုန်းမြည်သံထွက်လာလို့ ဇော်ထက်က ဘောင်းဘီအိတ်ထဲက ဖုန်းကို ထုတ်ကြည့်လိုက်တယ်။ မျက်နှာလည်း တည်သွားတယ်။

"မင်းအဖေ ဆက်တာပဲ"

"အဲဒါဆို ကြယ်စင်ပြော"



www.burmeseclassic.com

www.burmeseclassic.com



ပြောရင်း လက်လှမ်းလိုက်ပေမယ့် ဇော်ထက်က မပေးဘဲ ဖုန်းကို ပါဝါပိတ်လိုက်တယ်။

"ငါ့မှာ မင်းအဖေကိုပြောဖို့ စကားမရှိသေးဘူး ကြယ်စင်။ ခဏ တော့ သည်းခံလိုက်ပါဦး"

"တောက်!"

ကြယ်စင် တက်ခေါက်လိုက်တော့ ဇော်ထက်က ပြုံးလိုက်တယ်။ ဘာမှထပ်မပြောတော့ဘဲ ဝါးခန်းသန်းဝေလိုက်သေးရဲ့။

"ငါတော့ အိပ်ချင်ပြီကွာ။ အဲ ... မင်းထွက်ပြေးရင်တော့ မင်း ဘဝကို ငါ အာမ,မခံဘူးနော်"

ကြယ်စင်လည်း ဘာမှထပ်မပြောတော့ဘဲ ခြေသံကို တမင်ပြင်း ပြင်း နင်းလျှောက်ရင်း အိပ်ခန်းထဲ ဝင်လာခဲ့လိုက်တယ်။ ပြီး ... အခန်း တံခါးကို လိုတာထက် ပိုပြီး ဆောင့်ပိတ်လိုက်ပါတယ်။

တံခါးဆောင့်ပိတ်သံကြောင့် ဇော်ထက် မျက်စိမှိတ်ထားရင်း ပြုံးလိုက်တယ်။ ကံတရားရဲ့မျက်နှာသာမပေးမှုကိုတောင် သာယာနေမိ သေးရဲ့။

ညက အမှောင်တွေ ရွှဲရွှဲစိုလို့နေပါပြီ။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

မနက်ခင်းဟာ လင်းလင်းဝေဝေ ရှိနေတယ်။ ငှက်တွေအသိုက်က ဝဲပျံထွက်သွားကြပြီဖြစ်သလို လူတွေဟာလည်း တစ်နေ့တာ ရှန်းကန် တာစူနေကြပြီ။ ကမ္ဘာကြီးဟာ သတ္တဝါတွေကို မျှတအောင် နေရာချထားပေး ပါတယ်။

အိပ်မှုန်စုန်မွှား မျက်နှာဖောင်းဖောင်းလေးနဲ့ ကြယ်စင် အိပ်ခန်း ထဲက ထွက်လာတာကို မီးကိုစတင်တွေ့လိုက်ရတဲ့ ကမ္ဘာဦးကျောက်ခေတ် လူသားလိုမျိုး ဇော်ထက် အံ့သြတကြီး ငေးကြည့်နေမိသေးတယ်။

မိန်းကလေးတစ်ယောက်ရဲ့ကပိုကရို လင်းပွင့်နေတဲ့ မနက်ခင်း အလှမျိုး သူ မတွေ့ဖူးဘူး။ ငြိမ်သက်နေတဲ့ရင်ဟာ ပရမ်းပတာ ဖြစ်လာ တယ်။ အို ... ဘာဖြစ်တာလဲ။



www.burmeseclassic.com

www.burmeseclassic.com



ကြယ်စင်ကတော့ လှမ်းကြည့်နေတဲ့ ဇော်ထက်နဲ့ မျက်လုံးချင်း ဆုံမိလို့ ရှက်သွားတယ်။ ဟုတ်တာပေါ့။ အပျိုမိန်းကလေးတစ်ယောက်က အိပ်ရာက ထလာတဲ့ပုံစံကို ဘယ်သူစိမ်းယောကျ်ားလေး မြင်စေချင်မှာလဲ။ ရှက်လိုက်တာဆို။

အိမ်နောက်ဘက်ဝင်သွားပြီး ကြယ်စင် ကိုယ်လက်သန့်စင်လိုက်တယ်။ ပြန်ထွက်လာတော့ ဇော်ထက်က လမ်းဘက်ကိုငေးရင်း ထိုင်နေတယ်။

တမင်ဟန်လုပ်ပြီး ချောင်းဟန့်လိုက်တော့မှ ဇော်ထက် လှည့်လာပြီး ပြုံးပြတယ်။ စားပွဲပေါ်က အသင့်ဖျော်ထားတဲ့ ကော်ဖီခွက်ကို မေးဆတ်ပြပြီး ...

"မောနင်းပါ ကြယ်စင်၊ မင်းအတွက် ကော်ဖီဖျော်ထားတယ်"

"ကျေးဇူးပဲ ကိုဇော်ထက်"

ကျေးဇူးတင်စကားချိုချိုကြောင့် ဇော်ထက်တောင် အံ့ဩသွားမိတယ်။ မနေ့ညကတော့ ဒီပုံစံမဟုတ်ပါဘူးပေါ့။

ကော်ဖီတစ်ငုံသောက်လိုက်ပြီးမှ ကြယ်စင်က ပြောလာတယ်။

"ကြယ်စင် စဉ်းစားထားတာ ပြောချင်တယ်"

ပြောလေဆိုတဲ့သဘောနဲ့ ဇော်ထက်က မေးဆတ်ပြလိုက်တယ်။ ကြယ်စင်က မျက်နှာထားတည်တည်လေးနဲ့ပဲ ...

"ကိုဇော်ထက် ပိုက်ဆံတွေရအောင် ပြန်ယူမယ်ဆိုရင် ကြယ်စင် စောင့်ပေးမယ်။ ဒီကနေ ဘယ်မှမသွားဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ဇော်ထက် အံ့ဩသွားမိတာအမှန်ပဲ။ ကြယ်စင်က ထပ်ပြောလာ တယ်။

"အဲလိုပြောရတာ အကြောင်းရှိတယ်။ တစ်အချက်က ဖေဖေ့ရဲ့ ပိုက်ဆံတွေကို မဆုံးရှုံးစေချင်လို့ပဲ"

"နောက်တစ်ချက်ကကော"

ပြုံးစစနဲ့ ဇော်ထက်ကမေးလိုက်တယ်။

ကြယ်စင်က မျက်နှာတည်ထားရင်ပဲ . . .

"နောက်တစ်ချက်ကတော့ ခုကိစ္စနဲ့ပတ်သက်ပြီးတော့ ကြယ်စင် ခံစားခဲ့ရတာတွေ ရှိတယ်။ ဖေဖေ့ကိုချစ်ပေမယ့် စိတ်လည်း ဆိုးတယ် အဲဒါကြောင့် သူ့သမီး အနားက ခဏပျောက်သွားတဲ့ အချိန်ကာလကို ခံစားစေချင်တာ"

"အမ် . . . ဟမ်"

နောက်သလိုပုံစံနဲ့ ဇော်ထက် အသံပြုလိုက်တယ်။ ကြယ်စင်က မျက်စောင်းလှလှထိုးလာပြီး . .

"မရယ်ပါနဲ့ ကိုဇော်ထက်၊ ကြယ်စင် အတည်ပြောတာပါ။ မိဘ အချို့ဟာ သူတို့ရဲ့အချစ်ကို အတ္တနဲ့ရောပြီး သုံးစွဲကြတယ်။ သားသမီးရဲ့ ခံစားချက်ကို လျစ်လျူရှုတာမျိုး ကြယ်စင် မကြိုက်ဘူး"

"မင်းအဖေက မင်း ဒုက္ခရောက်မှာစိုးလို့နေမှာပါ"

ကြယ်စင်က ယောင်ယောင်လေးပြုံးရင်း ခေါင်းခါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ထားပါတော့လေ ... နောက်တစ်ချက်လည်း ရှိသေးတယ် ကိုဇော်ထက်။ သိချင်သေးလား"

ဇော်ထက် ပခုံးတွန့်ပြလိုက်ပြီး ...

"နားထောင်ကြည့်မယ်လေ"

"နောက်တစ်ချက်ကတော့ ကိုဇော်ထက်ရဲ့စွမ်းဆောင်ရည်အတွက် သင့်ရထိုက်တာကို ရစေချင်တာပဲ"

"အား ... တကယ်ကြီးလား"

အံ့ဩတဲ့ပုံစံနဲ့ ပြောလာတဲ့ ဇော်ထက်ကိုကြည့်ပြီး ကြယ်စင်က ပြုံးတယ်။ မျက်လွှာလေးလည်း ချလိုက်ပြီး –

"အတည်ပါ၊ လောကမှာ ဘာကိုမှ အလကားမရဘူးဆိုတာ ကြယ်စင် နားလည်ပါတယ်"

"ကျေးဇူးပဲ ကြယ်စင်၊ မင်းနဲ့ငါ ဒီလိုနားလည်မှုရမယ်လို့ တွေးထားမိတာ တကယ်ပါ"

ကြယ်စင်က ခေါင်းညိတ်ပြလာတယ်။

"အဲလိုဆိုရင် ကြယ်စင်တို့ Peace (ပိစ်) ဖြစ်ပြီနော်။ ကိုဇော်ထက် သုပ်စရာရှိတာ ဆက်လုပ်ပါ။ အဲ ... တစ်ခုတော့ရှိတယ်"

"ဘာများလဲ"

ပြန်မေးလိုက်တော့ ကြယ်စင်က ရှက်ပြုံး မပွင့်တစ်ပွင့်လေး ပြုံးလိုက်ရင်း ...

"ဩော် ... ကြယ်စင့်ကိုတော့ စားချင်တာလေးတွေ ဝယ်ကျွေး



www.burmeseclassic.com

www.burmeseclassic.com



ဦးလို့ . . . ပြီးတော့"

သဘောကျသွားတာမို့ ဇော်ထက်က ရယ်လိုက်တယ်။

"စိတ်ချပါကွာ . . . မင်းစားဖို့ သောက်ဖို့ရော၊ ဝတ်ဖို့အတွက်ပါ။ ငါ တာဝန်ယူပါတယ်။ ဒီအတောအတွင်းပေါ့"

"ကျေးဇူးပဲ ကိုဇော်ထက်"

"ငါက တင်ရမှာပါ ဟ"

နှစ်ယောက်သား ပြုံးတူရယ်မိတော့တယ်။ အခိုက်အတန့်လေးဟာ ပေါ့ပါးလွတ်လပ်မှုတွေနဲ့ ဝေဆာသွားတယ်ဆိုတာ နှစ်ယောက်စလုံး သတိထားမိလိုက်ကြတယ်။ ခဏနေတော့လည်း ဖိစီးမှု ကိုယ်စီနဲ့ ပြန်လေးလံသွားကြပြန်ရဲ့။

လုပ်ရမယ့်အလုပ်ကို စဉ်းစားနေရင်းက ဇော်ထက်မျက်နှာ မဲ့ရှုံ့လိုက်မိတယ်။

"အရေးထဲ သောက်ဗိုက်က နာလာပြန်ပြီ"

"အစားမှားလို့လား ကိုဇော်ထက်"

ဇော်ထက်က ဟီးခနဲရယ်ပြီး –

"အိမ်သာတက်ချင်တာ ကြယ်စင်ရေ"

"အာ"

ဇော်ထက်က တအီးအီးအသံပြုရင်း ဗိုက်ကိုနှိပ်လို့ အိမ်နောက်ဘက်ဆီ ဝင်သွားတယ်။

ဇော်ထက်ကို လှမ်းကြည့်နေရင်း အကြည့်ကို လွှဲလိုက်တော့ . . .



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

စားပွဲပေါ်မှာ ကျန်ခဲ့တဲ့ ဇော်ထက်ရဲ့ဖုန်းကို မြင်လိုက်လို့ပါ။ ဝမ်းသာစိတ်နဲ့အတူ ဆုတောင်းပြီး ဖုန်းကိုဖွင့်ကြည့်လိုက်တယ်။ အိုး ... လော့ချ်မချထားဘူး။

အဆက်အသွယ်လုပ်လို့ရတဲ့ ဖုန်းတစ်လုံး လက်ထဲရှိနေချိန်မှာ ကြယ်စင် ဘာလုပ်သင့်တယ်ဆိုတာ စဉ်းစားစရာမလိုပါဘူး။ အဲဒီအတွက် ကံကြမ္မာကို ကျေးဇူးတင်ရမယ်။

ဇော်ထက် အိမ်သာထဲက ပြန်ထွက်လာတဲ့အချိန်မှာတော့ ဖုန်းဟာ ဇော်ထက်ထားခဲ့တဲ့နေရာမှာပဲ ပြန်ရှိနေပါတယ်။ သံသယစိတ်နဲ့သာ ဇော်ထက် ဖုန်းကိုသေချာစမ်းကြည့်ရင် ဖုန်းမှာ အပူချိန်ရှိနေတာ သတိထားမိမှာပါ။ ဒါပေမဲ့ ဇော်ထက်က အမှုမဲ့အမှတ်မဲ့ပဲ ဖုန်းကို ဘောင်းဘီအိတ်ထဲ ထိုးထည့်လိုက်ပါတယ်။

"ကဲ ကြယ်စင် ... ငါ လှုပ်ရှားလိုက်ဦးမယ်ကွ"

"ကံကောင်းပါစေ ကိုဇော်ထက်"

အဲဒီစကားကိုတော့ ကြယ်စင် တကယ်လေးလေးနက်နက်ကြီး ပြောလိုက်တာပါ။

ကြိုတွေးလို့မရပါဘူး။ ဘယ်သူ့ကို ဘယ်ချိန် မျက်နှာသာပေးမလဲ၊ ဘယ်သူ့ကို ဒုက္ခရောက်စေမလဲ။ အဲဒီလိုကြိုမသိနိုင်တဲ့အရာကို ကံတရားလို့ ခေါ်ပါတယ်။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

တစ်ရက်တည်းနဲ့တော့ ဘယ်လိုမှ အဆင်မပြေလောက်ဘူးလို့ ကြယ်စင်တွေးမိတာ မှန်ပါတယ်။ ညနေစောင်းတော့ ဇော်ထက် နွမ်းနွမ်း နယ်နယ်နဲ့ပဲ ပြန်ရောက်လာတယ်။

"အဲဒီကောင်တွေပဲ သိပ်အပုန်းကောင်းနေလားမသိဘူး ကြယ်စင်ရာ။ စုံစမ်းတာ သတင်းအမှားတွေချည်းပဲရတယ်"

ကြယ်စင်က သက်ပြင်းချရင်း . . .

"ထင်ပါတယ်၊ ချက်ချင်းကြီး အဆင်မပြေလောက်ဖူးဆိုတာ။ ကြယ်စင် ကြောက်တာက တစ်ခုပဲရှိတယ်"

ဇော်ထက်က ဘာများလဲဆိုတဲ့ပုံစံနဲ့ ကြည့်လိုက်တယ်။ ကြယ်စင်က

"သူတို့တွေ ငွေတွေယူပြီး ရန်ကုန်က လစ်သွားမှာကိုပါ"



www.burmeseclassic.com

www.burmeseclassic.com



ရယ်ရင်းနဲ့ ဇော်ဆက် ခေါင်းခါလိုက်တယ်။

"အဲလောက်အထင်မကြီးနဲ့ ကြယ်စင်။ ရန်နိုင်လိုလူစားမျိုးဟာ အဲဒီလောက် ငွေအများကြီးနဲ့ ရန်ကုန်ကနေ ထွက်ရဲလောက်တဲ့သတ္တိ မရှိဘူး။ အကောင်ကြီးပြီး ဉာဏ်တိမ်တဲ့ လူတန်းစားမှာ ရန်နိုင်လည်း ပါတယ်။ ပြီးတော့ . . . ငါလည်း တစ်ကွက်ထောက်ထားခဲ့ပါတယ်"

"ဟင် . . . ဘယ်လို"

"ငါ့ဆီက ပိုက်ဆံတွေ သူတို့လုသွားတယ်ဆိုတဲ့သတင်း မင်း အဖေသိအောင် ပို့ပေးလိုက်တာလေ။ ခုလောက်ဆို မင်းအဖေလည်း တခြားလူတွေကိုငှားပြီး ရန်နိုင်တို့ကို လိုက်ရှာနေလောက်ပြီ"

"အဟား . . . ကိုဇော်ထက်က ဉာဏ်ပြေးသားပဲ"

ဇော်ထက်က ပြုံးလိုက်ပြီး . . .

"သိပ်လည်း အထင်မကြီးပါနဲ့ကွာ။ အဲ . . . ပိုက်ဆံတွေပြန်ရလာ ခဲ့င်တော့ မင်း အထင်ကြီးတာကို ခံမှာပါ"

"ပြောတတ်တယ်"

နှစ်ယောက်သား ရယ်မိကြပြန်တယ်။ အခိုက်အတန့်လေးတွေ အခိုက်အတန့်လေးတွေ။ ကြယ်စင်ဘက်ကတော့မသိ ဇော်ထက်ဘက်က တော့ စံပယ်ကုံးလို ကြိုးနဲ့သီချင်တဲ့အခိုက်အတန့်လေးတွေပေါ့။

ဘဝဆိုတာ တိုတယ် ကြယ်စင်။ ဖြစ်နိုင်မယ်ဆိုရင် ငါ မင်းနဲ့အတူ အကြာကြီးရယ်နေချင်တယ်။

ညစာစားပြီးတော့ ကြယ်စင် အိပ်ခန်းထဲဝင်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဇော်ထက်တော့ တော်တော်နဲ့ အိပ်မပျော်နိုင်ဘူး။ အတွေးတွေ ဟာ ကွန်ရက်လို ကျဲပြန့်နေတယ်။ လက်ရှိ ကိုယ်လုပ်နေတဲ့အလုပ်ကို တောင် ရည်ရွယ်ချက်စစ်စစ်က ဘာလဲလို့ သံသယဝင်မိတဲ့အထိပဲ။

ပိုက်ဆံကြောင့်လို့ အဖြေထုတ်ရင် ခုလက်ရှိအချိန်မှာ ရာနှုန်းပြည့် မမှန်တော့ဘူး။ ခုချိန်မှာ ပိုက်ဆံပြန်ရခြင်း၊ မရခြင်းထက် အနားမှာ ကြယ်စင် ရှိနေတာကို ကျေနပ်မိတာပဲ။ ဘုရားရေ ....ငါ ဘာတွေဖြစ်နေပြီလဲ။

တွေးရင်း မျက်စိတွေကျယ်ရင်း သန်းခေါင်နယ်မြေထဲကို ကျူး ကျော်ဝင်ရောက်လာတယ်။

"အဟင်း ဟင်း ... အီး အား"

အိပ်ခန်းဆီကထွက်လာတဲ့ ညည်းသံလေးကြောင့် ဇော်ထက် လှဲနေရာကနေ ထထိုင်လိုက်မိတယ်။ ကြယ်စင် ဘာဖြစ်လို့လဲ။

ညည်းသံဟာ ဆက်တိုက်ထွက်နေလို့ အိပ်ခန်းတံခါးနားဆီ ထ သွားလိုက်တယ်။ အခန်းတံခါးကို ဖွဖွခေါက်ရင်း ...

"ကြယ်စင် ... ကြယ်စင်"

အထဲက ပြန်ထူးသံမကြားဘဲ ညည်းသံကပဲ ဆက်တိုက်ထွက် နေတယ်။ ဇော်ထက်လည်း သက်ပြင်းချရင်း အခန်းတံခါးလော့ချ်ဘုသီးကို လှည့်လိုက်မိတယ်။ တံခါးဟာ ပွင့်သွားပါတယ်။ အထဲကို လှမ်းကြည့် လိုက်တော့ ...

"ဟင်"

ဟုတ်ပါတယ် ... ကြယ်စင်တစ်ယောက် ထင်ထားတဲ့အတိုင်း



www.burmeseclassic.com

www.burmeseclassic.com



အဖျားတက်နေပါပြီ။ ဇော်ထက်လည်း မထူးတော့ပါဘူးဆိုပြီး အနားကပ်သွားလိုက်တယ်။

တဆတ်ဆတ်တုန်နေတဲ့ ကြယ်စင့်ပခုံးလေး ကိုင်လိုက်တော့ ခြစ်ခြစ်တောက်ပူနေပါတယ်။

"ဟာ"

"အား ... ချမ်းတယ်၊ အီး ... ကိုဇော်ထက်၊ ကြယ်စင် ချမ်းတယ်"

ခဏဆိုတဲ့အချိန်လေးအတွင်းမှာ ဇော်ထက် အလုပ်ရှုပ်သွားရတယ်။ ကြယ်စင်ကို နွေးအောင် ရှိသမျှစောင်တွေ ခြုံပေးလိုက်တယ်။ တစ်ဆက်တည်းပဲ ကိုယ်ပူချိန်ကျအောင် ရေသွားခပ်ပြီး ပဝါကို ရေဆွတ်လို့ နဖူးလေးပေါ် ကပ်တင်ပေးလိုက်တယ်။

နောက်ထပ် မိနစ်နှစ်ဆယ်လောက်ကြာတဲ့အချိန်မှာတော့ မျက်နှာလေး သွေးရောင်လွှမ်းလို့ ကြယ်စင် အိပ်မောကျသွားပါပြီ။ မျက်နှာလေးကို ငေးမိုးကြည့်ပြီး ဇော်ထက် သက်ပြင်းပဲ ထပ်ချလိုက်တယ်။

အခန်းတံခါးအသာပိတ်ပြီး ပြန်ထွက်လာခဲ့တယ်။ အိမ်ရှေ့က ပြတင်းပေါက်ကိုဖွင့်ပြီး အသက်ဝဝ ရှူလိုက်မိပါတယ်။

ကောင်းကင်ကို မော့ကြည့်လိုက်မိတယ်။ ကြယ်လွှင်ပြင်ကျယ်ဆွေကြားထဲမှာ နာမည်ရေးထိုးချင်တဲ့ ကြယ်လေးတစ်ပွင့်အတွက် ဇော်ထက် နေရာလေးတစ်နေရာ ရှာနေမိပါတော့တယ်။

■



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၇)

"အရမ်း အရမ်းကို ကျေးဇူးတင်ပါတယ် ကိုဇော်ထက်။ ကြယ်စင်မှာ ငှက်ဖျားရောဂါ ရှိတယ်"

"ရပါတယ်၊ ငါလည်း တတ်သလောက်လေး ကိုယ်ပူကျအောင် လုပ်ပေးတာပါ။ ကံကောင်းတာတစ်ခုက မင်းအခန်းတံခါး လော့ချ်မချထားမိတာပဲ။ နို့မို့ဆိုရင် တံခါးဖျက်နေရဦးမှာ"

ကြယ်စင်က နွမ်းနေသေးတဲ့ မျက်နှာလေးနဲ့ ပြုံးတယ်။

"ကိုဇော်ထက် ကျေးဇူးကို အခွင့်သင့်တဲ့အခါ ကြယ်စင် ပြန်ဆပ်မှာပါ"

"အာ ... ရပါတယ်ဆိုကွာ၊ တစ်ယောက်နဲ့တစ်ယောက် အကူအညီပေးတဲ့သဘောပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကြယ်စင်လည်း အဲလို သဘောထားချင်တာပါ၊ ဒါပေမဲ့"

"ပြောပါဦး ... ဒါပေမဲ့ ကို"

ယောင်ယောင်လေးပျက်သွားတဲ့ မျက်နှာထားကိုမြင်လိုက်ပြီးမှ ကြယ်စင်က ခေါင်းခါတယ်။

"ဘာမှမဟုတ်တော့ပါဘူး"

"မင်းကတော့လေ။ ရော့ ... သောက်လိုက်ဦး။ ငါ ခေါက်ဆွဲ မှာပေးထားတယ်"

အငွေ့ထွက်နေသေးတဲ့ ခေါက်ဆွဲပြုတ်ပန်းကန်ကို အသာလှမ်း ယူပြီး ကြယ်စင် စားလိုက်တယ်။ ညက ပင်ပန်းထားတဲ့ဒဏ်နဲ့ ဗိုက်က လည်း ဟာနေတာမို့ စားရတာ အရသာရှိလွန်းပါတယ်။ တစ်ပန်းကန်လုံး ကုန်အောင် မရပ်မနားတမ်း စားလိုက်ပြီးမှ ကိုယ်ရှိန်သတ်လိုက်ရင် ဇော် ထက်ကို ကြည့်မိတယ်။ ပြုံးပြီးစိုက်ကြည့်နေတဲ့ ဇော်ထက်ကြောင့် ကြယ်စင် ရှက်သွားရတယ်။

ပန်းကန်ကို ခုံပေါ်အသာချထားလိုက်ပြီး –

"ကိုဇော်ထက် ... ရှင် ဒီနေ့ ဟိုက်ကိစ္စအတွက် အပြင်မသွားဘူး လား"

ဇော်ထက်က ခေါင်းခါလိုက်ရင်း –

"ဟင့်အင်း ... ကြယ်စင်လည်း နေမကောင်းဘူးဆိုတော့ ဒီနေ့ သွားတော့ဘူးလေ"

ကြယ်စင် အားနာသွားရတယ်။



www.burmeseclassic.com

www.burmeseclassic.com



"အာ . . . မဟုတ်တာ၊ ကြယ်စင်က သက်သာနေပါပြီ၊ ကိုဇော်ထက် လုပ်စရာရှိတာ လုပ်ပါ"

ခေါင်းညိတ်ရင်း ဇော်ထက် ပြုံးလိုက်ပြန်တယ်။

"လုပ်စရာရှိတာ လုပ်နေတာပဲလေ။ ဒီနေ့အတွက် လုပ်စရာက နေမကောင်းတဲ့ကြယ်စင်ကို ကူညီပြုစုဖို့ပဲ ရှိတယ်"

"အာ"

ရှက်စိတ်တွေ နိုးထသွားတာ ကြယ်စင် ကိုယ့်ကိုယ်ကိုယ် မငြင်းနိုင်ဘူး။ ပြီးမှ ကိုယ့်အခြေအနေ ကိုယ်တွေးမိလို့ သက်ပြင်းချရတယ်။

ဇော်ထက်ကိုလည်း အတင်းအကျပ်ကြီး မတိုက်တွန်းချင်တော့တာမို့ မပွင့်တစ်ပွင့်လေး ပြုံးပြလိုက်ပြီး –

"ကိုဇော်ထက် သဘောပဲလေ။ ကြယ်စင်ကတော့ ကိုဇော်ထက် အပြင်သွားလည်း အဆင်ပြေပါတယ်"

"အနားမှာရှိနေရင် အနှောင့်အယှက်ဖြစ်လို့လား ကြယ်စင်"

အဲဒီစကားကြောင့် ကြယ်စင်က မျက်ခုံးလေးပင့်ကြည့်လိုက်ရင်း–

"အဲဒီသဘောမျိုးပြောတာ မဟုတ်ပါဘူး ကိုဇော်ထက်ရဲ့။ ရှ ဆိုတာက တစ်ယောက်တည်းနေတာနဲ့စာရင် အစုအဖွဲ့နဲ့နေတာက ပိ ကောင်းတာ သဘာဝပဲလေ"

"အိုကေ . . . ကြယ်စင် သဘောပေါက်သားပဲ။ အဲဒါကြောင့် ဒီနေ့ အပြင်မသွားတော့တာ"

"ခြော် . . . ဖွတ်ပဲ၊ အတင်းမတိုက်တွန်းသလို အခေါင်းလည်း



www.burmeseclassic.com

www.burmeseclassic.com



တားမနေပါဘူးနော်"

"ဟုတ်ပါတယ်၊ ကိုယ့်စိတ်နဲ့ကိုယ် မသွားတာပါ ကြယ်စင်ရဲ့"

နှစ်ယောက်သား အကြည့်ချင်းဆုံမိကြတယ်။ ဝတ်မှုန်အချို့ဟာ လေထဲမှာတင် ကူးလူးသွားကြလား။ အဲဒီအချိန်လေးကို ဘယ်သူမှ မဆန်းစစ်လိုက်ကြဘူး။ ကြယ်စင်က အရင်မျက်လွှာလေးချသွားတယ်။ သက်ပြင်းသဲ့သဲ့ချမိလိုက်တာလည်း ကြယ်စင်ကိုယ်တိုင်ပါပဲ။

ဇော်ထက်က နွေးထွေးတဲ့အကြည့်နဲ့ ...

"မင်းနားချင်ရင် သွားနားဦးလေ။ ညနေကျရင်တော့ လေကောင်းလေသန့်ရမယ့် တစ်နေရာကို ခဏသွားကြတာပေါ့"

ကြယ်စင် ခေါင်းပဲညိတ်ပြလိုက်မိပါတယ်။ နေမကောင်းလို့ လူပင်ပန်းတာနဲ့စာရင် စိတ်က ပိုပြီးလေးလံလာတာ အမှန်ပါပဲလေ။

■



www.burmeseclassic.com

www.burmeseclassic.com

လူ့ဘဝဟာ တိုတယ်
အသက်တစ်ရက် ထပ်ရှည်ဖို့
ငါတို့ ကြိုးစားလို့မရဘူး။
အတူရှိနေတဲ့ ရက်တွေထဲ
ပိုနွေးထွေးကြရအောင်
လူ့ဘဝဟာ တိုတယ် ချစ်သူ။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၈)

ရေတွက်လို့မရမှန်းသိပေမယ့် ဆည်ရေပြင်အထက်မှာ ဝဲပျံနေကြ
တဲ့ ငှက်တွေကို ကြယ်စင် ရေးနေမိတယ်။ လွတ်လပ်ပေါ့ပါးတဲ့ ရှင်သန်မှု
တွေကို အားကျရင်းပေါ့။

လက်ရှိနေနေတဲ့ အိမ်နဲ့ မနီးမဝေးမှာရှိတဲ့ ရေလှောင်ဆည်တစ်ခု
ဆီကို ဖော်ထက်က ခေါ်လာခဲ့တာပါ။ အင်းယားကန်လိုမြင်ကွင်းမျိုး
မဟုတ်ပေမယ့် ဆည်ရေပြင်ကို ဖြတ်တိုက်လာတဲ့ လေပြေလေစီးကြောင့်
စိတ်အပန်းပြေစေပါတယ်။

ရေပြင်ဆီငေးနေတဲ့ ကြယ်စင်ကို ဖော်ထက်က မေးလိုက်တယ်။

"ဘယ်လိုလဲ ကြယ်စင် ... သီးသန့်အပန်းဖြေတဲ့နေရာ မဟုတ်ပေမယ့် စိတ်တော့ ကြည်လင်တယ်မလား"

www.burmeseclassic.com

www.burmeseclassic.com



အတွေးထဲ နှစ်မျှောနေမိတဲ့ ကြယ်စင် ဆတ်ခနဲ ဖြစ်သွားရတယ်။ ဇော်ထက်ကိုလည်း ခပ်ဖြည်းဖြည်း လှည့်ကြည့်လိုက်ရင်း . . .

“ဘာနဲ့မှမလဲနိုင်တဲ့ ကြည်လင်မှုတစ်မျိုးရတယ် ကိုဇော်ထက်။ ဒီနေရာလေးကို ခေါ်လာပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်”

“ရပါတယ်ဗျာ၊ တကူးတကကြီး လိုက်ပို့ရတာမှ မဟုတ်တာ”

“ဘယ်ကလာ တကူးတက မဟုတ်ရမှာလဲ။ ကိုဇော်ထက် အချိန်ပေးပြီး လိုက်ပို့ပေးတာပဲဥစ္စာ”

ဇော်ထက် ပြုံးလိုက်တယ်။

“သြော် . . . ကြယ်စင်ရယ်။ ကိုယ်တို့နှစ်ယောက်က လတ်တလော အခြေအနေမှာ တစ်ယောက်ကိုတစ်ယောက် အပြန်အလှန် အကူအညီပေး နေရတာလေ။ အဲဒါကြောင့် ဘယ်ကိစ္စမဆို တကူးတကကြီး မဟုတ်ဘူးလို့ ပြောချင်တာပါ”

စောဒက ထပ်မတက်တော့ဘဲ ကြယ်စင် ငြိမ်နေလိုက်တယ်။ ဇော်ထက်က သူ့ကိုယ်သူ ငါလို့မပြောတော့ဘဲ နာမ်စားပြောင်းပြီး သုံးလိုက်တာကိုလည်း သတိထားမိလိုက်ရဲ့။ ရင်းနှီးမှုတွေ စိုပြေလာတာကိုလည်း ခံစားမိပါတယ်။

ငြိမ်ဆိတ်နေရင်းကနေ ကြယ်စင် ဆတ်ခနဲမေးလိုက်မိတယ်။ စိတ်ထဲ မေးမယ်လို့ စဉ်းစားထားတဲ့မေးခွန်းမျိုးမဟုတ်ဘဲ အလိုလို မေးမိသွားတာမျိုးပါ။

“ကိုဇော်ထက် . . . လူနှစ်ယောက်က အတူလာတွေ့ပြီး ...



www.burmeseclassic.com

www.burmeseclassic.com


တစ်ခုကို ဖြတ်သန်းကြတော့မယ်ဆိုရင် အလိုအပ်ဆုံးဟာ ဘာဖြစ်မယ်လို့ ထင်လဲ''

ဇော်ထက် မသိမသာ မျက်မှောင်ကြုတ်လိုက်မိတယ်။ ဘာသဘောနဲ့ မေးတာမှန်းမသိပေမယ့် စိတ်ထဲက နားလည်လက်ခံထားသလိုပဲ ဇော်ထက် ဖြေလိုက်ပါတယ်။

''အင်း ... လူနှစ်ယောက် ဘဝတစ်ခုကို တည်ဆောက်တော့မယ်ဆိုရင် အချစ်၊ ငွေကြေး၊ ပြီးတော့ ... အဲဒါတွေထက် အရေးအကြီးဆုံးက အပြန်အလှန် နားလည်မှုလို့ပဲ ထင်မိတယ်။ ကောင်းတာပဲ ကြုံရကြုံရ၊ ဆိုးတာတွေပဲဖြစ်လာ,ဖြစ်လာ နှစ်ယောက်အတူ မျှဝေတတ်ဖို့ပေါ့။ အဲဒီစာနာနားလည်မှုတွေထဲ အချစ်ကို ထည့်ပေါင်းလိုက်ရင် ပြည့်စုံပြီလို့ ထင်တယ်လေ။ ပြောသာ ပြောရတာပါ၊ ကိုယ်က ရည်းစားဘာညာထားဖူးတာ မဟုတ်တော့ စဉ်းစားမိတဲ့အတိုင်း ပြောတာ''

''ကြွားနေပြန်ပါပြီ''

ရယ်ဟဟလေးနဲ့ ပြန်ပြောလာတဲ့ ကြယ်စင့်ကို ဇော်ထက် ပြန်မေးလိုက်တယ်။

''ဒါနဲ့ ကြယ်စင်ကကော ဘယ်လိုထင်လဲ''

မျက်နှာလေးတည်သွားရင်း ကြယ်စင် သက်ပြင်းချလိုက်တယ်။ ပြီး ... လေသံတိမ်တိမ်လေးနဲ့ ဖြေလာတယ်။

''ကြယ်စင်တော့ မသတ်မှတ်တတ်တော့ဘူး ကိုဇော်ထက်ရယ်။ မျှော်လင့်ထားတာတွေနဲ့ မကိုက်ညီလာတဲ့အခါ အဲဒီအကြောင်း တွေးလိုက်


www.burmeseclassic.com

www.burmeseclassic.com



ရင် ဝေဝေဝါးဝါးတောင်ဖြစ်မိတယ်။ ဒါပေမဲ့လည်း ကိုယ်စထားတဲ့ ဇာတ်လမ်းကို ကိုယ်ပဲ အဆုံးသတ်ရမယ်ဆိုတာ ကြယ်စင် နားလည်ပါတယ်"

"ကြယ်စင်ပြောတာတွေကို ကိုယ်တော့ နားမလည်တော့ဘူး"

ဇော်ထက်အပြောကြောင့် ကြယ်စင်က ခပ်နွမ်းနွမ်းလေးပြုံးပြလာရင်း ...

"ကိုဇော်ထက်က ရည်းစားမထားဘူးတော့ ဘယ်နားလည်ပါ့မလဲ။ ထားလိုက်ပါတော့ ... ကြယ်စင်လည်း မရှင်းပြချင်တော့ဘူး။ ပြန်ကြရအောင်လေ ကိုဇော်ထက်"

ဇော်ထက်က အလိုက်သင့်ခေါင်းညိတ်လိုက်တယ်။

"သဘောပဲလေ ကြယ်စင်၊ အဲ ... ကိုယ်တစ်ခုတွေးမိတယ်။ ကိုယ်တို့နှစ်ယောက် ဒီနေ့၊ ဒီအချိန်၊ ဒီလိုနေရာမှာ ရှိခဲ့ဖူးတယ်ဆိုတာဟာလည်း တကယ့်အမှတ်တရပါပဲ"

ကြယ်စင်က ခပ်ဖွဖွပြုံးရင်း ခေါင်းညိတ်ပြလိုက်ပါတယ်။ စိတ်ထဲကလည်း အမှတ်တရဆိုတဲ့စကားကို ခပ်ဖွဖွရေရွတ်လိုက်မိတယ်။

ကောင်းကင့်ထောင့်ချိုးတစ်နေရာမှာလည်း ဆည်းဆာတိမ်တွေဟာ သူ့ရဲ့အမှတ်တရ ပန်းချီကားကို ချိတ်ဆွဲပြသထားပါပြီ။

■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

ဒီလိုနဲ့ အဲဒီအိမ်လေးမှာ နှစ်ယောက်သား အတူရှိခဲ့တာ ငါးရက်ခြောက်ရက် လွန်မြောက်ခဲ့ပါပြီ။ အားစိုက်ပြီး ပတ်သက်စရာမလိုခဲ့တဲ့ ရင်းနှီးမှုတွေဟာ ပိုပြီး အရောင်ရင့်လာခဲ့ကြတယ်။

ကိုယ်စီအတွေးတွေဝေမိတဲ့အချိန်မှာတော့ သက်ပြင်းတွေလည်း ကိုယ်စီချရင်းပေါ့။

မတူညီတဲ့ အခြေအနေနှစ်ခုကြားမှာ တွယ်တာဖို့ဆိုတာက စည်းဆစ်ခုလိုပဲ။

မကြာခင် ရောက်ရှိလာမယ့် ကာလတစ်ခုမှာ အလိုလိုဝေးကွာသွားကြမယ်ဆိုတာ သိနှင့်ပြီးသားပဲလေ။

ဒီနေ့တော့ မနက်စာမထမင်းစားပြီးချိန်မှာ ဖုန်းဆစ်ခွင်လာတာ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ဇော်ထက် အိမ်ကနေ ကတိုက်ကရိုက်ထွက်သွားတယ်။

မသွားခင်လေး ကြယ်စင်မေးလိုက်တော့ ဇော်ထက်က ...

"ဒီနေ့တော့ အဆင်ပြေတော့မလားမသိဘူး ကြယ်စင်။ ရန်နိုင်တို့ ရှိတဲ့နေရာကိုတော့ သတင်းရပြီ။ ပိုက်ဆံတွေ ပြန်ရ,မရကတော့ ကိုယ့် အပေါ်မှာပဲ မူတည်တော့မယ်"

စိတ်ထဲက ဝမ်းသာသွားရင် တစ်ဆက်တည်းပဲ စိုးရိမ်စိတ်လည်း ဝင်သွားမိတယ်။

"ကိုဇော်ထက် ... ဂရုစိုက်ပါနော်။ အသက်ထက် ဘာမှအရေး မကြီးဘူးဆိုတာလည်း ခေါင်းထဲထည့်ထားပါ"

"စိတ်ပူပေးတာ ကျေးဇူးပဲ ကြယ်စင်"

ဆိုင်ကယ်နဲ့ မောင်းထွက်သွားတဲ့ ဇော်ဆက်ကို ကြယ်စင် မျက်စိ တဆုံး ကြည့်နေမိတယ်။

အဲဒီညနေပိုင်း ဇော်ထက်ပြန်အလာကို စောင့်ရတာ စိတ်အပင်ပန်း ဆုံးလို့ ကြယ်စင် ထင်မိပါတယ်။ ထိုင်မရ, ထမရနဲ့ အိမ်ထဲမှာ လမ်းတွေ ချည်း လျှောက်နေမိတယ်။

ညနေစောင်းကိုကျော်လွန်ပြီး မှောင်ရီပျိုးချိန်လောက်ကျမှ ဇော် ထက် ပြန်ရောက်လာပါတယ်။

ထိုးကြိတ်၊ သတ်ပုတ်လာလို့ မျက်နှာနဲ့ ကိုယ်ခန္ဓာမှာလည်း ဒဏ်ရာတွေချည်းပဲ။

"အို ... ကိုဇော်ထက်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



ဇော်ထက်ကတော့ ဒဏ်ရာတွေကိုတောင် ဂရုမစိုက်နိုင်ဘဲ ကျော ပိုးအိတ်ထဲက ငွေတွေကိုပြပြီး ...

"ပိုက်ဆံတွေ ပြန်ရလာပြီ ကြယ်စင်၊ မင်း မကြာခင် အိမ်ပြန်ရ တော့မှာပါ"

အဲဒီစကားကိုလည်း ကြယ်စင် စိတ်မလှုပ်ရှားမိတော့ပါဘူး။ အရာအားလုံးဟာ စနစ်တကျပုံစံမျိုး ဖြစ်လာတော့မှာကို ကြိုသိနေသလို ခံစားပြီးသားကိုး။

ဇော်ထက်ရဲ့မျက်နှာပေါ်က ဒဏ်ရာတွေကိုပဲ သန့်စင်ပြီး ဆေး ထည့်ပေးလိုက်တယ်။

ဇော်ထက်ကတော့ အားနာဟန်နဲ့ –

"ရပါတယ် ကြယ်စင်ရဲ့။ ကိုယ့်ဆီမှာ နာကျင်တာ သက်သာတဲ့ ဆေး ပါပါတယ်"

ပြောရင်းပဲ ဇော်ထက်က အသင့်ဝယ်လာတဲ့ အရက်ပုလင်းကို ထုတ်ပြလိုက်တယ်။ ကြယ်စင့်မျက်နှာ ကွက်ခနဲ မသိမသာ ပျက်သွားတာ ကိုကြည့်ပြီး ...

"ကြယ်စင်က မသောက်စေချင်လို့လား၊ အဲဒါဆို ကိုယ် ... မသောက်"

"အာ ... မဟုတ်ပါဘူး၊ ကိုဇော်ထက်သဘောပါ။ ဒဏ်ရာသက် သာမယ်ဆို သောက်ပေါ့"

"ကျေးဇူးပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဇော်ထက် အရက်သောက်နေတဲ့အချိန်မှာတော့ ကြယ်စင်လည်း အိပ်ခန်းထဲပဲ ဝင်နေလိုက်တယ်။

ညက တဖြည်းဖြည်းနက်လာပေမယ့် ကြယ်စင် အိပ်မပျော်နိုင်ဘူး။ စနစ်တကျရောက်လာမယ့် မနက်ဖြန်ဆိုတာကြီးကိုပဲ ကြောက်နေမိတယ်။

သက်ပြင်းတွေဟာ ညနဲ့အတူ ရှည်လျားလွန်းလှပါပြီကော။

■

www.burmeseclassic.com

www.burmeseclassic.com

မှန်တိုင်းမလာခင် လေပြည်တိုက်တတ်တာ

သဘာဝပဲ။

အဲဒီသီအိုရီကို မေ့ပြီး စုံလုံးကန်းခဲ့တာပါ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

မနက်အိပ်ရာက နိုးလာတော့ နားထင်နှစ်ဖက်စလုံးကို ပြုတ်တူနဲ့ ညှပ်ထားသလို တင်းကျပ်ကိုက်ခဲနေတယ်။ အသိပါ နိုးကြားလာတဲ့အချိန်မှာတော့ ပိုပြီး အံ့သြတုန်လှုပ်သွားရတယ်။ လက်နှစ်ဖက်နှင့် ခြေထောက်နှစ်ချောင်းကို ကြိုးနဲ့ တုပ်နှောင်ခံထားရလို့ပဲ၊ ဘာလဲဟ။

ရုန်းကန်ရင်းနဲ့ အိမ်ထဲကို ဝေ့ကြည့်လိုက်မိတယ်။ ဘယ်သူ့ကိုမှ မတွေ့ရဘူး။ ကြယ်စင့်အပေါ် စိုးရိမ်စိတ်နဲ့ အိပ်ခန်းဘက်ဆီ ကြည့်မိတယ်။ သဲကွဲတဲ့စကားပြောသံတွေပဲ ကြားရတယ်။ ပြောရရင် ကြယ်စင့်အတွက် စိတ်ပူသွားမိတာပါ။

ကိုယ့်ကိုယ်ကိုယ်ပဲ ဖော်ထက် အပြစ်တင်နေမိတယ်။ ညကသာ အရက်တော်တော်များများ မသောက်မိရင် ခုလိုဖြစ်မှာမဟုတ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



သတိရှိနေမှာ သေချာတယ်။ တစ်ကိုယ်လုံး နာကျင်နေတာနဲ့ အရက်ကို လိုတာထက်ပိုပြီးသောက်လိုက်မိတော့ စိတ်လွတ်ကိုယ်လွတ် အိပ်မောကျသွားခဲ့တာ။ ခုတော့ ဒုက္ခရောက်ပြီ။

ဘယ်သူတွေလဲ။ ငါ့ကို ဘယ်သူတွေ ချုပ်နှောင်ထားတာလဲ။ ရန်နိုင်တို့များလား။

ငွေတွေထည့်ထားတဲ့ ကျောပိုးအိတ်ချိတ်ထားတဲ့နေရာဆီ ကြည့်လိုက်မိတယ်။ မရှိတော့ဘူး။

သွားပြီ။

ချုပ်နှောင်ခံနေရရင်း ဇော်ထက် ဆောက်တည်ရာမရ ဖြစ်နေချိန်မှာပဲ ...

"သိပ်မရုန်းနဲ့ ကိုယ့်လူရ၊ ငါက မင်းလောက် အသတ်အပုတ် မကျွမ်းပေမယ့် ကြိုးတုတ်တဲ့နေရာမှာတော့ စောက်ရမ်း ဆရာကျတယ် ...ဟဲ ဟဲ"

"ဟာ"

နိုင်မိုး။ ကြယ်စင်ရဲ့ရည်းစားဟောင်းဆိုတဲ့ကောင်။ ဆေးသမား။ မထင်ထားတဲ့ အဲဒီကောင်ကို တွေ့လိုက်ရလို့ ဇော်ထက် အရမ်းအံ့သြသွားရတယ်။ ဘာတွေလဲ ဘာတွေလဲဟ။

"ဟော့ကောင် နိုင်မိုး ... ဒါ ဘာလုပ်တာလဲကွ။ ကြယ်စင်ကော"

ရယ်နေတဲ့ နိုင်မိုးမျက်နှာဟာ တည်သွားတယ်။

ပခုံးအသာတွန့်ပြပြီး –



www.burmeseclassic.com

www.burmeseclassic.com



"မင်းမြင်တဲ့၊ ခံစားနေရတဲ့အတိုင်းပဲလေ။ ကြယ်စင်က အေးဆေးပါ။ မင်း စိတ်ပူစရာမလိုပါဘူး"

"အဲဒါဆို . . . ခု မင်းက ဘာလုပ်တာလဲ"

"ရှင်းပြမယ်လေ ကိုယ့်လူရဲ့"

နိုင်မိုးက မျက်နှာချင်းဆိုင်ခုံမှာ ဆရာကြီးပုံစံနဲ့ ခြေထောက်တစ်ဖက်ချိတ်ရင်း ထိုင်လိုက်တယ်။

"တကယ်တော့ မင်းက ငါတို့ရဲ့အနာဂတ်ကို ဝင်နှောက်ယှက်တဲ့ကောင်ပဲကွ၊ ဇော်ထက်"

"ဘာ . . . ဟော့ကောင်"

"ဟုတ်တယ်လေ၊ ကြယ်စင်ကို ပြန်ပေးဆွဲတယ်ဆိုပြီး သိန်းနှစ်ထောင်တောင်းတဲ့ကိစ္စက ငါနဲ့ကြယ်စင်တို့ ပေါင်းကြံတာလေ။ ငါတို့ရဲ့အနာဂတ်ကို အဲဒီငွေနဲ့ ဖန်တီးလို့ရအောင်လို့ပေါ့"

"ဟာ"

ဘယ်လိုမှ ထင်မထားမိတဲ့ကိစ္စပဲ။ ကြယ်စင်လည်း ကြံရာပါပဲပေါ့။ ဆိုးလိုက်တာ။

နိုင်မိုးက ဆက်ပြောတယ်။

"ဒါပေမဲ့ . . . ကြယ်စင့်ဘိုးတော်ကြီးက သိန်းနှစ်ထောင် အကုန်ခံချင်တော့ မင်းကိုငှားတယ်။ အဲဒီကြားထဲ ငွေတွေက ဖြတ်လုခံလိုက်ရတော့ နည်းနည်းရှုပ်ထွေးသွားတာပေါ့။ အဲဒါကြောင့်လည်း အဲဒီငွေတွေကို မင်း ပြန်မယူမချင်း ကြယ်စင့်ကို ဒီမှာ မင်းနဲ့ရှိနေခိုင်းတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မင်းကွာ ... ယုတ်မာလိုက်တာ"

"ဟော့ကောင် ... ငါ့ကို လာမဝေဖန်နဲ့။ ခုလည်း မင်းသိအောင် ပြောပြတာ။ ငွေတွေပြန်ရပြီဆိုတော့ အားလုံးပြီးပြီ။ ငါတို့လည်း နိုး တော့မယ်၊ ကြယ်စင်ရေ"

နိုင်မိုးက အိပ်ခန်းဘက်ဆီကြည့်ရင်း လှမ်းခေါ်လိုက်တယ်။ ဇော် ထက်လည်း ကြယ်စင်ထွက်လာမယ့်အခန်းပေါက်ဝကို လှမ်းကြည့်လိုက် တယ်။

တကယ်ပါပဲ။ ကြယ်စင်က သူ့ကို မကြည့်ဝံ့တဲ့ မျက်နှာထားနဲ့ ခေါင်းငုံ့ရင်း ထွက်လာပါတယ်။

နိုင်မိုးက ...

"ကြယ်စင်လေး ... ဒီကောင့်ကို ဘယ်လိုလုပ်ခဲ့ချင်လဲ"

ကြယ်စင် မဖြေဘူး။ ဇော်ထက်ကပဲ လှမ်းပြောလိုက်ပါတယ်။

"ကြယ်စင် ... မင်း ဒီလိုလုပ်မယ်လို့ ကိုယ် တကယ် ထင် ထားမိဘူး။ ကိုယ် မင်းကိုယုံကြည်ခဲ့တာ"

ခပ်ဖြည်းဖြည်းလေး ခေါင်းမော့လာတယ်။ တောင်းပန်တဲ့ မျက် ဝန်းအစုံနဲ့ မဝံ့မရဲလေး ကြည့်လာပြီး ...

"ကြယ်စင့်ကို ခွင့်လွှတ်ပါ ကိုဇော်ထက်၊ ကြယ်စင် ဘာမှမတတ် နိုင်လို့ပါ"

ဇော်ထက် မျက်စိစုံမှိတ်ပြီး ခေါင်းခါလိုက်တယ်။ နိုင်မိုး ခေါ်သထွက်သွားတဲ့ပုံစံနဲ့ ကြယ်စင့်ပခုံးကို စုံကိုင်လိုက်ရင်း –



www.burmeseclassic.com

www.burmeseclassic.com



"ကြယ်စင် . . . မင်းက ဘာဖြစ်နေတာလဲ။ ဒီကောင့်ကို ဘာဖြစ်လို့ တောင်းပန်နေတာလဲ။ မင်းကွာ ဒီမှာ ရှိနေတဲ့အချိန် ဒီကောင့်အပေါ် ငြိသွားတာလား"

ကြယ်စင့်မျက်နှာထားဟာ ရုတ်ချည်းတင်းမာသွားတယ်။ နိုင်မိုးကိုလည်း စူးစူးဝါးဝါး ကြည့်လိုက်ပြီး . . .

"မဟုတ်တာတွေ လျှောက်မပြောနဲ့။ ဒီမှာရှိနေတဲ့အချိန် ကိုဇော်ထက်ကပဲ ကြယ်စင့်ကို ကူညီစောင့်ရှောက်ခဲ့တာ"

နိုင်မိုးက ခနဲ့တဲ့တဲ့လေသံ တဟင်းဟင်းရယ်လိုက်ပြီး –

"မသိဘူးလေကွာ၊ ကိုယ်လည်း စိတ်ထင်နဲ့ပြောမိတာပါ။ ကဲပါ . . . ကိုယ်တို့လိုချင်တာလည်း ရပြီဆိုတော့ သွားကြတာပေါ့"

ကြယ်စင်က သူ့ကို တစ်ချက်လှမ်းကြည့်ပြီး အိမ်ထဲက အရင်ထွက်သွားတယ်။ နိုင်မိုးက နောက်ကလိုက်သွားတယ်။ အိမ်အပြင်ဆီက ကားစက်နှိုးသံ သဲ့သဲ့ကြားလိုက်ရတယ်။

ဇော်ထက်လည်း ကိုယ်ခန္ဓာကို တွန့်လိမ်ပြီး အချုပ်အနှောင်က လွတ်ဖို့ ကြိုးစားကြည့်လိုက်တယ်။ မထူးသေးဘူး။

အဲဒီအချိန်မှာပဲ နိုင်မိုးက အိမ်ထဲပြန်ဝင်လာပါတယ်။ ဇော်ထက်ကိုစေ့စေ့ကြည့်ပြီးမှ . . .

"ခုနကလုပ်ရင် ကြယ်စင် တားနေမှာစိုးလို့ကွ၊ ကိစ္စဆိုတာ အပြတ်ရှင်းရမယ်ဆိုတာ ငါ သိတယ်။ ဂွတ်ဘိုင် . . . ဇော်ထက်"

နိုင်မိုးက သူ့အိတ်ထဲက မီးခြစ်ကိုထုတ်ပြီး အိမ်ဧည့်ခန်းထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ရှိတဲ့ ဂျာနယ်တစ်စောင်ကို မီးရှို့လိုက်ပါတယ်။

"ဟာ ဟော့ကောင် ... မလုပ်နဲ့နော်။ ငါ့သေတာထက် အခြား ပတ်ဝန်းကျင်လူတွေပါ ထိခိုက်လိမ့်မယ်"

"ငါ ဂရုမစိုက်ဘူး ဟော့ကောင်"

နိုင်မိုးက မီးစွဲနေတဲ့ဂျာနယ်ကို စားပွဲပေါ်မှာရှိနေတဲ့ ဂျာနယ် အထပ်ပေါ်မှာ ချထားပြီး ထွက်သွားတော့တယ်။

"ဟော့ကောင် ... ဟော့ကောင်"

လောင်နေတဲ့ မီးတောက်ဟာ ဂျာနယ်တစ်ထပ်ကြီးဆီ ကူးစပြု နေပြီ။ ဇော်ထက် တုပ်နှောင်ခံနေရတဲ့ကြားထဲက ကြိုးစားမတ်တတ် ရပ်ကြည့်တယ်။ မရဘူး ... ဘိုင်းခနဲပြန်လဲကျသွားတယ်။

နောက်တစ်ကြိမ် ပြန်ကြိုးစားကြည့်တယ်။ မရသေးဘူး။ မီးဟာ တဖြည်းဖြည်း ကူးစက်လာပြီ။ အဲလိုတော့ အဖြစ်မခံနိုင်ဘူး ဆိုတဲ့စိတ်နဲ့ ရှိသမျှအားတင်းပြီး ကြိုးစားထရပ်လိုက်တယ်။

အိုကေ။

မီးစတင်စွဲလောင်နေတဲ့ ဂျာနယ်ထပ်ဆီ ခုန်ဆွခုန်ဆွနဲ့ ရောက် အောင်သွားလိုက်တယ်။ အဲဒီနေရာလည်းရောက်ရော ကိုယ်ခန္ဓာကိုလှဲချပြီး လောင်နေတဲ့မီးတောက်ကို ကိုယ်ခန္ဓာနဲ့လှိမ့်ပြီး မီးငြိမ်းအောင် ကြိုးစား လိုက်ပါတယ်။

ပူပေမယ့် မတတ်နိုင်ဘူး။ ကိုယ့်ကိုလောင်မှာထက် တခြားလူတွေနဲ့ စည်းစိမ်ဥစ္စာတွေ မဆုံးရှုံးဖို့က ပိုအရေးကြီးတယ်လေ။



www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားမှုဟာ အချည်းအနှီး မဖြစ်ပါဘူး။ အနည်းငယ် မီးလောင်ခံရပေမယ့် နောက်ထပ် တစ်နာရီလောက်ကြာတဲ့အချိန်မှာတော့ လောင်စပြုနေတဲ့ မီးကို ငြိမ်းသတ်နိုင်ပြီး အချုပ်အနှောင်ကလည်း လွတ်မြောက်သွားပါတယ်။

ငါ မင်းဆီ အရောက်လာပြီ နိုင်မိုးလို့ အံကြိတ်ကြုံးဝါးဖို့ကလွဲရင် တခြားမရှိတော့ပါဘူး။ ကြယ်စင့်ကို လျစ်လျူရှုမယ့်အချိန်ရောက်လာခဲ့ ပြီပေါ့။

■

www.burmeseclassic.com

www.burmeseclassic.com

စနစ်တကျ စီစဉ်ထားလျက်နဲ့
စနစ်တကျ လွဲချော်မှားယွင်းခဲ့တာကိုက
ကံကြမ္မာပဲ။
ကံကြမ္မာဟာ သူ့ဇာတ်ညွှန်းကို
ဘယ်တော့အဆုံးထိ ပေးမဖတ်ဘူး။
သူလိုရာ ကြိုးဆွဲနိုင်ဖို့အတွက်လေ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

နိုင်မိုးနေခဲ့တဲ့အခန်းကို အရင်သွားကြည့်လိုက်တယ်။ အခန်းက သော့ပိတ်ထားတယ်။ ဒီ ဒီအခန်းမှာ မနေတော့ဘူးထင်ပါရဲ့။ ဒါမှမဟုတ် န်ကုန်က လစ်သွားပြီလား။ နေ့ချင်းတော့ ဘယ်မှမသွားလောက်သေးဘူးလို့ တွက်တယ်။

ဒါနဲ့ပဲ –

နိုင်မိုး ကျက်စားတတ်တဲ့နေရာတွေကို လိုက်စုံစမ်းမိတယ်။ ဘယ်ဆီမှ သတင်းအစအနမရဘူး။ ရန်နိုင်တို့လို လူမိုက်ထက် နိုင်မိုးလို လူ တ်မာက ပိုရှာရခက်နေတယ်။ လူယုတ်မာက ပိုဉာဏ်ပြေးတယ်လေ။

နောက်တော့မှ အကြံတစ်ခုရပြီး မူးယစ်ဆေးဝါးဝယ်ချင်တဲ့ပုံစံနဲ့ နိုင်မိုးနေခဲ့တဲ့ ပတ်ဝန်းကျင်မှာ လှုပ်ရှားကြည့်တယ်။ သတင်းတော့ သဲ့သဲ့



www.burmeseclassic.com

www.burmeseclassic.com



ရလာပြီ၊ ကောင်လေးတစ်ယောက်ဆီက။

"ကိုနိုင်ကြီးက ခုဒီဘက်မှာ မလှုပ်ရှားတော့ဘူးဗျ။ မြောက်ဒဂုံဘက်မှာလို့ပြောတယ်။ ပစ္စည်းအရောင်းအဝယ် လုပ်သေးလားတော့ သေချာမသိဘူး။ ကျွန်တော်တို့က ခု နောက်တစ်ယောက်ဆီက ယူတာ"

"အဲဒါဆိုလည်း နိုင်မိုးကို ဆက်သွယ်လို့ရမယ့် ဖုန်းဖြစ်ဖြစ် ရမလားကွ။ လိုချင်တာကများတော့ သူနဲ့မှ အဆင်ပြေမှာမို့လို့"

"ဟုတ် အစ်ကို၊ သူ့ဖုန်းတော့မရှိဘူး။ သူနဲ့ ပါတနာတစ်ယောက်ရဲ့ ဖုန်းတော့ရှိတယ် ... ရဲလင်းတဲ့။ အစ်ကိုလိုချင် ယူသွားလေ"

"ဩော် ... အေး၊ အဲတစ်ယောက်ဆီကတစ်ဆင့် ဆက်သွယ်ကြည့်လိုက်မယ်။ ကျေးဇူးပဲကွ"

"ရပါတယ်ဗျာ"

ရဲလင်းဆိုတဲ့တစ်ယောက်ဆီ ဖုန်းဆက်ကြည့်လိုက်တယ်။ ပစ္စည်းဝယ်မယ့်ကိစ္စနဲ့ နိုင်လင်းနဲ့သိကြောင်း ပြောလိုက်တော့ ရဲလင်းက ဖုန်းထဲကနေ မပြောချင်ဘူးဆိုပြီး မြို့ထဲကတစ်နေရာမှာ ချိန်းတယ်။

သူချိန်းတဲ့နေရာကို ဇော်ထက် သွားလိုက်တယ်။ လူချင်းတော့ သွားမတွေ့ဘူး။ ဆိုင်ထဲက အခြားတစ်ဝိုင်းမှာထိုင်ပြီး အဲဒီကောင်ကို စောင့်ကြည့်တာပေါ့။

ရဲလင်းဟာ ချိန်းထားတဲ့ ဇော်ထက်ရောက်မလာတော့ ဖုန်း ပြန်ဆက်လာတယ်။ ဇော်ထက်က ဖုန်းကို silent လုပ်ထားပြီး မကိုင်ဘဲ နေလိုက်တယ်။ အဲဒီကောင်လည်း ဖုန်းသုံးလေးခါလောက် ထပ်ဆက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ဇော်ထက်က မကိုင်တာနဲ့ ဆိုင်ထဲက ပြန်ထွက်သွားတယ်။ အဲဒီတော့မှ ဇော်ထက်လည်း ရဲလင်းနောက်က ဒိုင်လျှိုလေး နောက်ယောင်ခံလိုက်ခဲ့တာပေါ့။

လိုက်သာ လိုက်ခဲ့ရတယ်။ ရဲလင်းသွားတာက နိုင်မိုးရှိနိုင်တယ်ဆိုတဲ့ မြောက်ဒဂုံဘက်ကို မဟုတ်ဘူး။ တခြားဆန့်ကျင်ဘက်တစ်နေရာကို။ ဘယ်လိုပဲဖြစ်ဖြစ် အဲဒီနေ့တစ်လုံး ရဲလင်းနောက်ကပဲ လိုက်ချောင်းလိုက်တယ်။ နောက်ဆုံး ... သူ့အိမ်ထဲဝင်သွားတော့မှ ဇော်ထက်လည်း လှည့်ပြန်ခဲ့တယ်။ နောက်တစ်နေ့လည်း ရဲလင်းနောက်ကပဲ ဆက်လိုက်ဦးမယ်လို့ တွေးထားလိုက်ပါတယ်။

■

www.burmeseclassic.com

www.burmeseclassic.com

ဘုရားသခင်ဟာ မကောင်းမှုတွေကို အဆုံးသတ်ဖို့
အမြဲလမ်းပြလော့ရှိတယ်။
မြင်အောင်ကြည့်တတ်ဖို့ပဲလိုတာပါ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

နောက်တစ်နေ့ ရဲလင်းနောက်ကိုလိုက်ရင်း ကောင်မလေးသုံးယောက်နဲ့ အဲဒီကောင်ကို အတူတွေ့လိုက်ရလို့ အတော်အံ့ဩသွားမိတယ်။ သူတို့စကားဝိုင်းထဲမှာ ပြည်ပအကြောင်းတွေရော၊ နောက်ပြီး ပတ်စပို့တွေကိုလည်း ရဲလင်းက ထုတ်ပေးတော့ ဒီကောင် ပွဲစားလားလို့တောင် ထင်မိသွားတယ်။

ကောင်မလေးသုံးယောက် ဆိုင်ထဲကထွက်သွားပြီး သိပ်မကြာခင်မှာပဲ ရဲလင်းက ဖုန်းပြောရင်း ထွက်လာတယ်။ ဇော်ထက် ထိုင်နေတဲ့ စားပွဲဘေးနားက အဖြတ်မှာ ရဲလင်းရဲ့ဖုန်းပြောသံကို နားနဲ့ ဆတ်ဆတ်ကြားလိုက်ရပါတယ်။

"အေး နိုင်မိုး ... ငါ သုံးပွင့်ထပ်ချူးထားတယ်။ လက်မှတ်အင်



www.burmeseclassic.com

www.burmeseclassic.com



တွေတော့ ပေးထားလိုက်ပြီ။ ညနေ မင်းနဲ့တွေ့မယ်။ အိုကေပါတယ်။ ဘယ်သူမှ ပတ်စပို့စ်ကို အတုလို့ ထင်မှာမဟုတ်ဘူး။ ပီပြင်အောင် လုပ်ထားပါတယ်၊ အိုကေ . . . ညနေဆုံမယ်"

ဒါ . . . ဘုရားသခင်ရဲ့အချက်ပေးသံပဲ။ ဇော်ထက် လှိုက်ခနဲ ဝမ်းသာသွားမိတယ်။ ဘုရားသခင်ဟာ အမှောင်ဘက်အခြမ်းကို မြင်ရဖို့ အလင်းပြတော်မူပါပြီ။

ဒီလိုနဲ့ ရဲလင်း နောက်ကနေ ထက်ကြပ်မကွာ လိုက်ခဲ့လိုက်တယ်။ ဒီကောင့်ပုံစံက သိပ်နောက်ကျောမလုံဟန်ဖြစ်လာလို့ သတိထားရသေးတယ်။

ညနေပိုင်း ရဲလင်းဝင်ထိုင်နေတဲ့ဆိုင်ကိုတော့ ရန်သူတော်ကြီးနိုင်မိုးကားနဲ့ရောက်လာတာ တွေ့လိုက်ပါတယ်။ အဲဒီအချိန်မှာ ဇော်ထက်က သူ့ကို မမှတ်မိနိုင်အောင် ရုပ်ဖျက်ထားပါပြီ။ ပြီးတော့ နိုင်မိုးတို့ဝိုင်းနဲ့နီးပေမယ့် ကျောချင်းကပ်အနေအထားနဲ့ ထိုင်နေတာ။

"မင်းဘက်က အခြေအနေကကော ဘယ်လိုလဲ နိုင်မိုး"

ရဲလင်းစကားသံအဆုံးမှာ နိုင်မိုး သက်ပြင်းချလိုက်တဲ့အသံတောင် ကြားရသေးရဲ့။ ပြီးမှ –

"ကျန်တာတွေတော့ ကောင်းပေမယ့် ကြယ်စင်ကတော့ အဆင်မပြေဘူးကွ"

ကြယ်စင်ဆိုတဲ့အသံကြောင့် ဇော်ထက်ရင်ထဲ ဒိန်းခနဲဖြစ်သွားရတယ်။ ကြယ်စင် ဘာဖြစ်လို့လဲ။

www.burmeseclassic.com



ဇော်ထက်မေးချင်တဲ့မေးခွန်းကို ရဲလင်းက ထပ်မေးလိုက်တယ်။

"ဟေ ... ကြယ်စင်က ဘာဖြစ်လို့လဲ၊ မင်းပဲ ပိုင်တယ်ဆို"

"ကြယ်စင်က အရင်လို မဟုတ်တော့ဘူးကွ။ ငါ့ကိုလည်း သိပ်မယုံတော့ဘူး။ ခုတောင် ဟိုဘက်နိုင်ငံမှာ သွားနေမယ်ဆိုတာကို မလိုက်နိုင်ဘူးတဲ့။ ပိုက်ဆံတွေပြန်ယူပြီး အိမ်ပြန်မယ်ပဲ ပြောနေတာ"

"ဟာ ... အဲဒါမှ ကျိုင်နေ၊ နိုင်မိုး ... မင်း ဘယ်လိုလုပ်မလဲ"

နိုင်မိုးက ကောက်ကျစ်တဲ့လေသံနဲ့ အရင်ရယ်လိုက်သေးတယ်။ ပြီးမှ –

"ဘယ်ရမလဲကွ၊ ငါ့လက်ထဲရောက်လာတဲ့ ပိုက်ဆံကို ပြန်ပေးလို့ ဖြစ်မလား။ ခုတော့ တစ်ချက်နှစ်ချက် ရိုက်ပြီး ချုပ်ထားလိုက်တယ်"

သွေးတွေ ဖျဉ်းခနဲဖြစ်သွားပြီး ထိုင်နေရာကနေ ထမိမလိုတောင် ဖြစ်သွားရတယ်။ စိတ်ကို အတော်ကြီး ထိန်းချုပ်ရင်း ဆက်နားထောင်လိုက်တယ်။ ဒီကောင် ယုတ်မာရိုင်းစိုင်းနေတာ လက်ကုန်ဖြစ်နေပါပြီ။

နိုင်မိုးကပဲ ...

"စဉ်းစားထားတာကတော့ ကြယ်စင့်ကို ချော့မော့ပြီး နယ်စပ်အထိ ခေါ်သွားမယ်ကွာ။ ဟိုဘက်ရောက်တော့မှ ပိုပြီး ကလန်ကဆန်လုပ်လာရင် ကျန်တဲ့ကောင်မလေးတွေနဲ့ရောပြီး ရောင်းစားလိုက်မယ်။ ဘာမှဖယ်ားအရှုပ်မခံတော့ဘူး"

"ပြီးရောကွာ၊ ဒါပေမဲ့ ... ကြယ်စင်ကိုတော့ ညင်ညင်သာသာ ကိုင်နော်။ ပိုက်ဆံတွေက ရှိသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"သိပါတယ်ကွာ၊ ကြယ်စင် ချမ်းသာမှုန်းသိလို့ ငါ သေချာဆင်ထားတဲ့အကွက်ပါ။ အပျက်တော့မခံပါဘူး"

ဒီလောက်ဆို ဇော်ထက်လည်း သဘောပေါက်လိုက်ပါပြီ။ ဒီကောင်တွေမှ တကယ့်လူယုတ်မာ ဒုစရိုက်ကောင်တွေပဲ။ ခုလည်း မူးယစ်ဆေးဝါးရောင်းရုံတင်မကတော့ဘူး တစ်ဖက်နိုင်ငံကို လူကုန်ကူးဖို့တောင်လုပ်နေပြီ၊ ငရဲတာကာ့ထိပ်ခေါင်မှာ လောင်မီးကျခံရမယ့် သူတောင်းစားတွေ၊ ဇော်ထက်ရင်ထဲမှာ ကြယ်စင်အတွက် ပိုပိုပြီး စိုးရိမ်လာမိတယ်။ အခြေအနေကတော့ တော်တော်လေး အန္တရာယ်ရှိနေပြီလေ။ ဇော်ထက်လည်း ဒင်းတို့ပြောသမျှကို ဖုန်းနဲ့အသံဖမ်းထားလိုက်တယ်။

အဲဒီနောက်မှာတော့ နိုင်မိုးရဲ့ကားနောက်ပဲ လိုက်သွားဖို့ ရှိပါတော့တယ်။ နိုင်မိုးဟာ ကားမောင်းသွားရင်း လမ်းတစ်နေရာက စတိုးဆိုင်မှာ ဘာတွေလဲမသိ ဝင်ဝယ်သေးတယ်၊ ဇော်ထက်ကလည်း ကားတစ်စီးကို အပြတ်ငှားထားတာဆိုတော့ တော်သေးတယ်။

ဆက်လိုက်လာခဲ့ရင်း နောက်ဆုံးမှာတော့ နိုင်မိုးဟာ သူ့ကားကိုမြောက်ဒဂုံရပ်ကွက်အစွန်နားက ခုနစ်ထပ်တိုက်ရှေ့မှာရပ်လိုက်ပါတယ်။

ဇော်ထက်လည်း ငှားလာတဲ့ကားဆရာကို လိုအပ်တဲ့အကူအညီတောင်းပြီး ကားပေါ်က တိတ်တဆိတ် ဆင်းလိုက်ပါတယ်။

နိုင်မိုး ခြေတစ်လှမ်းလှမ်းရင်း ဇော်ထက်ဘက်ကလည်း တစ်လှမ်းလှမ်းဖို့ အသင့်ဖြစ်နေခဲ့ပါပြီ။

■



www.burmeseclassic.com

www.burmeseclassic.com

ဘုရားသခင်ဟာ အပြစ်မရှိသူကို ကယ်တင်ဖို့
သူတော်ကောင်းကို တံခါးဝဆီ အရောက်ပို့တော်မူတယ်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၃)

အခန်းတံခါးကို သုံးလေးချက်ခေါက်ပြီး ဘေးဘက်မှာ အသာကွယ်နေလိုက်တယ်။

အခန်းထဲက နိုင်မိုးဟာ တံခါးခေါက်သံကြောင့် တံခါးနားဆီလျှောက်လာခဲ့တယ်။ တံခါးကို ချက်ချင်းမဖွင့်သေးဘဲ ချောင်းကြည့်ပေါက်ကလေးကနေ အရင်ချောင်းကြည့်လိုက်တယ်။ ဘယ်သူ့ကိုမှ မတွေ့တာနဲ့ မျက်မှောင်ကြုတ်လိုက်ရင်း အခန်းအပြင်ဘက်ကိုကြည့်ဖို့ တံခါးကို အသာဖွင့်လိုက်ပါတယ်။

အဲဒီအချိန်မှာပဲ ပြင်းထန်တဲ့အရှိန်တစ်ခုဟာ သူ့ဆီ တိုးဝင်လာပြီး သူ့မျက်နှာတစ်ခုလုံး ထူပူသွားရတယ်။ အခန်းထဲမှာ အငိုက်မိလဲကျသွားရင်း ပြင်းထန်တဲ့တိုက်ခိုက်မှုကို တရစပ်ခံလိုက်ရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲကွာ . . . လူယုတ်မာ . . . ကဲကွာ"

"အား!"

ဆယ်မိနစ်လောက် ထိုးကြိတ်ပြီးချိန်မှာတော့ နိုင်မိုးရဲ့မျက်နှာချောချောမှာ သွေးတွေ ရဲရဲနီနေပါပြီ။ ဘယ်လိုမှ ပြန်ထနိုင်စွမ်းမရှိဘဲ ကြမ်းပြင်ပေါ် ခွေခေါက်ရင်း ရိုက်ခံထားရတဲ့ ခွေးတစ်ကောင်ကို တအီအီနဲ့ ညည်းတွားနေတယ်။

"ကိုဇော်ထက် . . . လက်လွှန်မယ်"

အခန်းထောင့်ဆီက အသံလေးကြားလိုက်ရတော့မှပဲ ဇော်ထက် သတိဝင်သွားတယ်။ လှမ်းကြည့်လိုက်တော့ ထိုင်ခုံတစ်လုံးပေါ်မှာ ကြိုးနဲ့ တုပ်ခံထားရတဲ့ ကြယ်စင်ကို တွေ့လိုက်ရတယ်။

ဇော်ထက်လည်း ပြေးသွားပြီး ကြိုးဖြည်ပေးလိုက်ပါတယ်။

ကြယ်စင်က . . .

"အဲဒီလူယုတ်မာ သေသွားမှာထက် ကိုဇော်ထက် ထောင်ကျမှာစိုးလို့ပါ"

"ကိုယ်နားလည်ပါတယ် ကြယ်စင်။ မင်း အဆင်ပြေတယ်နော်"

ပြောကာမှပဲ ကြယ်စင်က ငိုချရင်း ရင်ခွင်ထဲ တိုးဝင်လာပါတယ်။ ဇော်ထက်က အလိုက်သင့်ဖက်ထားရင်း နှစ်သိမ့်လိုက်ပါတယ်။

"အားလုံးပြီးသွားပါပြီ ကြယ်စင်"

အဲဒီအချိန်မှာပဲ အကူအညီတောင်းထားတဲ့ တက္ကစီသမားကြီးခေါ်လာတဲ့ ရပ်ကွက်က တာဝန်ရှိသူတွေနဲ့ ရဲတွေ အခန်းဝရောက်လာပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဇော်ထက်က သိပ်မလှုပ်ရှားနိုင်တော့တဲ့ နိုင်မိုးကိုကြည့်ရင်း–

"ဟော့ကောင် ... ငါကတော့ မင်းလို မိုးမရှိ့ဘူးကွ၊ ထောင်ထဲ သည့်မှာ သိလား"

ပြောရင်း ကျောပိုးအိတ်ကို သေသေချာချာပြင်လွယ်လိုက်တယ်။ အိတ်ထဲမှာက ငွေတွေနဲ့လေ။

"ကြယ်စင် ... အိမ်ပြန်ချင်ပြီ ကိုဇော်ထက်"

ဒီတစ်ခါ ကြယ်စင့်စကားသံလေးက နွမ်းဖျော့နေပေမယ့် မျက်နှာ ်န်းတွေကတော့ တဖျပ်ဖျပ် လက်နေလေရဲ့။

တကယ့်ကို အမှောင်အခြမ်းက လွတ်ထွက်လာခဲ့ပါပြီ။

အဲဒီလိုနဲ့ပဲ။

■

www.burmeseclassic.com

www.burmeseclassic.com

ပျော်စရာတွေကို အဝေးမှာမရှာနဲ့
အနီးနားမှာရှိတဲ့ ပျော်ရွှင်မှုကိုပဲ
မြင်အောင်ကြည့် ရအောင်ယူပါ။
အဲဒီလို ကျွန်တော်က ပြောချင်တယ်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

မုန်တိုင်းထွက်ခွာသွားတဲ့အခါ လေပြည်လာတတ်တာ သဘာဝပါပဲ။ ဒါပေမဲ့ . . . ဘဝမှာ လေပြည်တွေချည်းမျှော်နေလို့မှ မရတာလေး မုန်တိုင်းကိုလည်း ကြံ့ကြံ့ခံဖို့ လိုတာပေါ့။

ဘယ်လိုပဲဖြစ်ဖြစ် ခုချိန်က မုန်တိုင်းတစ်ခု လွန်မြောက်သွားတဲ့ အချိန်ပါ။ အတိတ်မှာ နာကျင်စရာတွေရှိခဲ့ပေမယ့် အဲဒီအတိတ်ကိုပဲ တသသ ပြန်ကြည့်နေစရာ မလိုပါဘူး။ ရပ်မနေတဲ့အချိန်တွေနဲ့အတူ ဘဝကို ရှေ့ဆက်သွားရမှာပါ။

ဦးကျော်ဇောရဲ့အိမ်ညေ့ခန်းထဲမှာ ဇော်ထက် ငြိမ်သက်စွာ ထိုင်နေပါတယ်။ မလှမ်းမကမ်းမှာ ကြယ်စင်လည်း မျက်လွှာလေးချပြီး ထိုင်နေခဲ့။

www.burmeseclassic.com

www.burmeseclassic.com



ကိစ္စတွေအားလုံး ပြီးသွားတဲ့အချိန်မှာ ဦးကျော်ဇောက ဇော်ထက်ကို ခေါ်လိုက်တယ်။ ဇော်ထက်ရောက်လာတော့ ဧည့်ခန်းမှာ ရှိနေတဲ့ ကြယ်စင်က ...

"ခဏ ... ကိုဇော်ထက်၊ ဖေဖေ ဆင်းလာပါလိမ့်မယ်"

ဇော်ထက် ခေါင်းပဲညိတ်ပြလိုက်တယ်။ ထပ်ပြောစရာမှမရှိဘဲ ကြယ်စင်ကလည်း ဘာမှထပ်မပြောဘူး။ အတွေးတွေ ဝေနေတာလည်း ဖြစ်နိုင်တယ်။

ခဏနေတော့ ဦးကျော်ဇော ဧည့်ခန်းထဲ ဝင်လာပါတယ်။ဇော်ထက်နဲ့မျက်နှာချင်းဆိုင်မှာ ထိုင်လိုက်ရင်း ...

"ဇော်ထက်ရေ မင်းရဲ့စွမ်းဆောင်ရည်ကိုတော့ အန်ကယ်လ် မချီးကျူးဘဲ မနေနိုင်ဘူးကွ။ အဲဒီရက်ပိုင်းတွေတုန်းက အန်ကယ့်သမီးကို စောင့်ရှောက်ပေးခဲ့တာကိုလည်း ကျေးဇူးတင်ပါတယ်"

"ရပါတယ် အန်ကယ်၊ ကျွန်တော့်ဘက်က လုပ်သင့်တာကို လုပ်ခဲ့ရုံပါ"

ဦးကျော်ဇောက ခေါင်းညိတ်တယ်။

ပြီး ...

"ဘာပဲဖြစ်ဖြစ်ပေါ့ကွာ။ အန်ကယ်က အလုပ်အပ်တယ်၊ မင်းက အလုပ်လက်ခံတယ်။ ခု အလုပ်ကိစ္စလည်း အောင်မြင်ပြီးဆိုတော့ မင်း တောင်းထားတဲ့ငွေကို ပေးရတော့မှာပေါ့"

ပိုက်ဆံကိစ္စပြောလိုက်ပေမယ့် ဇော်ထက်မျက်နှာက အရောင်



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းမသွားဘူး။ ပုံမှန်အတိုင်းပဲ တည်ငြိမ်နေတယ်။ ကြည်လင်နေတဲ့ မျက်ဝန်းတွေကလည်း တဖျပ်ဖျပ်လက်မသွားဘူး။

ဦးကျော်ဇောက ချက်လက်မှတ်တစ်ခုကို ဇော်ထက်ရှေ့က စားပွဲပေါ်မှာ ချပေးလိုက်ရင်း . . .

"ရော့ . . . ဇော်ထက်၊ အဲဒီချက်လက်မှတ်က မင်းတောင်းထားတဲ့ သိန်းငါးရာတိတိပါ"

ကြယ်စင်က ဇော်ထက်ကို ဆတ်ခနဲ လှမ်းကြည့်တယ်။ ဇော်ထက်က စားပွဲပေါ်က ချက်လက်မှတ်ကိုလှမ်းယူရင်း သေသေချာချာ ကြည့်လိုက်တယ်။ မပွင့်တပွင့်လေးပြုံးရင်း ခေါင်းညိတ်လိုက်တယ်။

"သိန်းငါးရာဆိုတဲ့ပမာဏဟာ မက်လောက်စရာပါပဲ။ ကျွန်တော့်အတွက်လည်း ဘဝတစ်ခု ပြောင်းလဲသွားနိုင်မှာသေချာတယ်။ ဒါပေမဲ့ . . . ဒီပိုက်ဆံတွေကို ကျွန်တော် မလိုချင်တော့ဘူး အန်ကယ်"

ကြယ်စင့်မျက်နှာပေါ် အံ့ဩရိပ်တွေ ဖြတ်ပြေးသွားသလို ဦးကျော်ဇောလည်း မျက်ခုံးပင့်လိုက်မိတယ်။

"ဇော်ထက် . . . မင်း နောက်နေတာလား။ ဒါမှမဟုတ် ဒီပိုက်ဆံတွေက မသန့်ရှင်းဘူးလို့ထင် . . ."

စကားမဆုံးခင်မှာပဲ ဇော်ထက်က လက်ကာပြလိုက်တယ်။

"မဟုတ်ပါဘူး အန်ကယ်။ ပထမတော့ ဒီပိုက်ဆံတွေကို လိုချင်တဲ့စိတ်နဲ့ ကျွန်တော် အလုပ်လက်ခံခဲ့တာပါ။ ဒါပေမဲ့ ကျွန်တော် ပြန် တွေးစားကြည့်တယ်။ ကျွန်တော် ကြယ်စင့်အပေါ်ထားခဲ့တဲ့ အဲ . . . ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



ပြောရမလဲ။ ကျွန်တော့်စိတ်ထဲက စာနာကူညီမှုကို ဒီပိုက်ဆံနဲ့ မလဲနိုင်ပါဘူး။ အဲဒီစိတ်နဲ့ ယှဉ်လိုက်ရင် ဒီပိုက်ဆံဟာ အမှုန်အမွှားပါပဲ အန်ကယ်၊ ကျွန်တော် မယူတော့ပါဘူး''

''မင်း ... မင်း ... တကယ်ပြောနေတာလား ဇော်ထက်''

''သေချာပါတယ် အန်ကယ်၊ ကျွန်တော်လုပ်ပေးနိုင်သလောက် လုပ်ပေးခဲ့တယ်ဆိုတာကိုပဲ ကျေကျေနပ်နပ် သိမ်းထားမှာပါ၊ ခွင့်ပြုပါဦး''

ပြောပြီး ဇော်ထက် ထထွက်လာခဲ့တယ်။ အံ့ဩမျက်ဝန်းတွေနဲ့ လှမ်းကြည့်နေတဲ့ ကြယ်စင့်ကိုတောင် အကြည့်နဲ့ ပြန်နှုတ်မဆက်ဖြစ်ဘူး။ ကြည့်မိရင် ပိုခံစားရမှာစိုးလို့ပါ။

မြန်ထွက်လာခဲ့ရင်း ခြံဝအရောက်မှာပဲ -

''ကိုဇော်ထက်''

ဒီတစ်ခါတော့ နာမည်တပ်ပြီးခေါ်တာမို့ ဇော်ထက် လှည့်ကြည့်လိုက်ပါတယ်။ အကြည့်ချင်းဆုံမိတဲ့အချိန်မှာ ကြယ်စင် မျက်ဝန်းတွေထဲက ကြည်နူးရိပ်တွေကို ဖမ်းဆုပ်မိတယ်။

ကြယ်စင်ကပဲ ...

''တစ်ခုလောက်တောင်းဆိုချင်လို့ ကိုဇော်ထက်။ ကဲ ... ကမ်းလှမ်းတာဆို ပိုမှန်လိမ့်မယ်''

''ပြောလေ ကြယ်စင် ... ကိုယ် ဘာများလုပ်ပေးရဦးမလဲ''

မဝံ့မရဲပုံစံလေးဖြစ်သွားပြီးမှ ကြယ်စင်က -

''ကိုဇော်ထက် ... ကြယ်စင့်ကို စိတ်ဆိုးနေသေးလား...



www.burmeseclassic.com

www.burmeseclassic.com



ဟိုကောင့်လှည့်ကွက်မှာမျောပြီး ကိုဇော်ထက်အပေါ် စော်ကားသလို ဖြစ်ခဲ့တာကိုလေ''

ဇော်ထက်က ခေါင်းအသာခါရင်း ...

''ဘာမှမဖြစ်ပါဘူး။ ကိုယ် ကြယ်စင်အပေါ် နားလည်နိုင်ပါတယ်။ ကြယ်စင့်ကို အခုလို ပြန်မြင်ရတာကိုပဲ ဝမ်းသာလှပါပြီ''

ကြယ်စင်က ပြုံးလိုက်တယ်။ ရှက်စိတ်တွေကို အနားသတ်ထားတဲ့ အပြုံးမျိုးပေါ့။

''ကိုဇော်ထက်က ဝမ်းသာပေမယ့် ဖေဖေကတော့ ကြယ်စင်ကို ပိုပြီးတောင် စိတ်မချဖြစ်နေသေးတယ်''

''ဩော် ... အင်း ... ဖြစ်သင့်ပါတယ်။ မိဘဆိုတော့လည်း''

ကြယ်စင်က –

''ဖေဖေ့ကိုလည်း အပြစ်မတင်ရက်ပါဘူး။ ဒါနဲ့ ကိုဇော်ထက်ပဲ ဖေဖေ့ကို အကြံပေးဖူးတယ်ဆို။ ခုလိုကိစ္စတွေမဖြစ်အောင် ကြယ်စင့်အနားမှာ စိတ်ချရတဲ့ ကိုယ်ရံတော်ထားသင့်တယ်လို့''

''အင်း ... ပြောဖူးသလားပဲ''

စကားအဆုံးမှာ ကြယ်စင်က မျက်စောင်း ဒိုင်းခနဲထိုးလာပြီး

''ပြောဖူးသလားပဲ လုပ်မနေနဲ့။ ကိုဇော်ထက် ပြောကိုပြောခဲ့တယ်။ အဲဒီစကားအတွက်လည်း တာဝန်ယူရမယ်''

''ဟင် ... ဘယ်လို''

တကယ်အံ့ဩစိတ်နဲ့ ဇော်ထက်က မေးလိုက်တယ်။ ကြယ်စင်က

www.burmeseclassic.com



ရှက်ပြုံးလေးနဲ့ ...

"ဟုတ်တယ်လေ ... ကြယ်စင့်အတွက် လိုနေတာက စိတ်ချရတဲ့ ကိုယ်ရံတော်ပဲ။ အဲဒီရာထူးအတွက် ကမ်းလှမ်းသင့်တာကလည်း ကိုဇော်ထက်ပဲ ရှိတာဆိုတော့"

ဇော်ထက် ပျော်သွားမိပြီး –

"ဒါ ဒါဆို ကိုယ့်ကို ကမ်းလှမ်းမယ်ပေါ့ ဟုတ်လား"

"ဟင့်အင်း"

ခေါင်းကလေးခါလိုက်လို့ ဇော်ထက် မျက်နှာပျက်သွားတယ်။ ကြယ်စင်က ဇော်ထက်ပုံစံကြောင့် သဘောကျသလို လွင်လွင်လေး ရယ်လိုက်ပြီး –

BURMESE CLASSIC

"ဘာလို့ကမ်းလှမ်းရမှာလဲ၊ အမိန့်နဲ့ကို အဲဒီတာဝန်ကို ထမ်းဆောင်ခိုင်းမှာ။ လုံးဝငြင်းလို့မရဘူး ဒါပဲ"

ဇော်ထက်က ရယ်လိုက်ရင်း ...

"အဲလို အတင်းအကျပ်ကြီး မလုပ်နဲ့လေ၊ ကိုယ် အသေခံလိုက်မှာနော်"

"ဟင် ... တကယ်"

"တကယ်ပေါ့၊ ကြယ်စင့်အတွက် အန္တရာယ်ရှိလာပြီဆို ကိုယ်ရှေ့ကနေပြီး အသေခံလိုက်မယ်လို့ ပြောတာ"

ဒီတစ်ခါ ရှက်ပြုံးဖန့်ဖန့်လေးနဲ့ ကြယ်စင် မျက်လွှာချသွားရက အရမ်းကဗျာဆန်နေတယ်။ နှစ်ယောက်ကြားထဲက ကြိုးတန်းချောင်းကို

www.burmeseclassic.com

www.burmeseclassic.com



လတ်တလောအခြေအနေအရ ကိုယ်ရုံတော်လို့ နာမည်ပေးလိုက်တာလည်း ဖြစ်နိုင်တယ်။

အချိန်တန်ရင် ပန်းတွေပွင့်လာမှာပါ။ အဲဒီအချိန်ကိုရောက်ဖို့အတွက် နှစ်ယောက်အတူ နီးနီးကပ်ကပ်ရှင်သန်နေဖို့လိုကြောင်း နှစ်ဦးသား အလိုလို သဘောပေါက်လိုက်ကြရင်း . . . ။

ဒီလိုနဲ့ . . .

အချစ်လို့ အမည်မပေါက်ခင်အထိ ကိုယ်ရုံတော်ဖားရှင်းကိုပဲ နှစ်ယောက်သား သုံးစွဲကြရင်း။

လေးစားစွာ

မိုးစက်ပွင့်

11:58 am, 28.2.2016

(Sunday)



www.burmeseclassic.com